I don't think there will be significant changes. China is looking at the whole Asian continent for its economic recovery. Xi Jinping has recently visited central Asian countries.

And China is in the ASEAN Regional Comprehensive Economic Partnership together with the 10 ASEAN countries. It plans to turn the entire Asia continent into its trade routes.

Myanmar is in the network and there won't be significant policy changes.

As to the peace process in Myanmar, China is facilitating it as best it can. In the aftermath of the coup, China sent an envoy and called for a meeting with Daw Aung San Suu Kyi.

China is pushing for dialogue to build peace. It appears that China also supports the peace talks between the regime and EAOs based in northern Myanmar.

China tends to keep a low profile in what it does.

It might have been taking steps that we don't see.

The Chinese authorities have reportedly told EAOs in northern Myanmar to make sure there is no gunfire along the border during the congress. Is it true and why did China demand this?

It is nothing new. Since the Kokang incidents in 2015-17 [clashes between Myanmar's military and the Myanmar National Democratic Alliance Army], when shells landed in its territory, China has warned that it would respond if stray bullets and artillery landed in China's territory.

It has repeatedly warned both the military and EAOs against fighting near the border.

The national security strategy rolled out by US President Joe Biden on October 12 seeks to contain China's rise and calls it the largest threat to the global order.

**Will the CCP respond at its congress?**

China will only view it as a seasonal US statement and Biden setting off fireworks to attract voters for the mid-term elections in November. Republicans and Democrats may have different views on other things but they both take aim at China.

Despite the war in Ukraine, the US plan says China is the main threat.

It is seasonal. They are just playing the China card to win votes. This is how Beijing views it.

**Will there be more friction between Washington and Beijing and how could that affect Myanmar?**

There has been constant friction between China and the US. Economically, the US cannot shun China. Their economies are intertwined and there are many US companies in China.

Chinese analysts think relations between US and China will somewhat improve after the mid-term elections.

The US is playing the Taiwan card. But China apparently is not concerned much.

China believes it can threaten Taiwan a lot with its air force and navy. As long as Taiwan does not declare independence, China will not attack and it will keep the status quo.

**Will China change its policy on Taiwan? Will it use force?**

The general policy of China regarding Taiwan is the peaceful reunification of the Chinese people. China said it will consider various means, including the use of force, for reunification.

Some pro-independence groups are taking action with the help of certain countries.

China is unlikely to do anything unless Taiwan declares independence. But China has made preparations to take control of Taiwan by force if it declares independence.

**How can revolutionary forces in Myanmar succeed without being stuck between China and the US?**

It is a good opportunity for our revolution. But don't oppose China by placing all the reliance on the US. Don't expect anything from China and don't curse the US with the hope of receiving help from China.

We have to take whatever we can get from the US. The US politically supports us.

And Myanmar's ambassador [to United Nations] can speak freely from the US and we have to make use of it.

On the other hand, China has close ties with EAOs in Myanmar, including the United Wa State Army, Mongla (National Democratic Alliance Army), Kokang (Myanmar National Democratic Alliance Army) and the Arakan Army.

We need to attract those forces into our revolution. It is important to attract all the ethnic armed groups into the revolution. And we should avoid being fiercely critical of China. We should be as flexible as we can be in dealing with China and persuade it.

We should take the cue from Indonesia regarding our diplomacy. Indonesia attended the Nato summit organized by the US and after it went to China and invited it to attend the G20 summit [in Bali next month]. And it also told China what it discussed at the Nato summit.

We must learn how to act between big powers. It is not good for us to take sides with one country and make another an enemy.

https://www.irrawaddy.com/in-person/interview/myanmars-democrats-must-strive-to-win-over-china-analyst.html

--------------------------------------------------------------------------------

## အင်းစိန်ထောင် ပေါက်ကွဲမှု ၈ ဦးသေဆုံး၊ အရပ်သားများလည်းပါဝင်

By ဧရာဝတီ | 19 October 2022

ရန်ကုန်မြို့ အင်းစိန်ဗဟိုအကျဉ်းထောင်၊ ထောင်ဝင်စာနှင့် ပစ္စည်းလက်ခံဌာနအတွင်း ယနေ့မနက် ၉ နာရီခွဲခန့်က ဗုံးနှစ်လုံးပေါက်ကွဲရာ ထောင်ဝန်ထမ်း၊ ထောင်ဝင်စာလာပို့သူ အရပ်သားများနှင့် ကလေးငယ် တဦးအပါအဝင် စုစုပေါင်း ၈ ဦးသေဆုံးခဲ့ကြောင်း ပေါက်ကွဲမှု ဖြစ်စဉ်အနီးအနားရှိနေသူတဦးက ပြောသည်။

ပေါက်ကွဲမှုဖြစ်စဥ်မှာ ထောင်ဝင်စာပစ္စည်းပါဆယ်ထုပ်မှ စတင်ပေါက်ကွဲကြောင်း လတ်တလောသိထားရပြီး ပေါက်ကွဲမှုဖြစ်ဖြစ်ချင်း စစ်ကောင်စီတပ်ဖွဲ့ဝင်များက ခြောက်လှန့်ပစ်ခတ်မှုများပြုလုပ်ခဲ့ကြောင်းလည်း သိရသည်။

မျက်မြင်တွေ့ရှိသူတဦးက "ပထမတကြိမ်က အသံအရမ်းကျယ်တယ်၊ ဗုံးတော်တော်လည်းကြီးတယ်ထင်တယ်၊ အဲဒီမှာ ဗုံးစတွေမှန်လို့ ဆုံးသွားတဲ့သူတွေ မျက်စိနဲ့မြင်ခဲ့တာ ၈ ဦးဆုံးတယ်၊ ၆ နှစ်၊ ၇ နှစ်အရွယ် ကလေးလေးတယောက်ပါတယ်၊ ဝန်ထမ်းဝတ်စုံနဲ့က နှစ်ယောက် ပါတယ်။ ပါဆယ်လာပို့တဲ့ အမှုသည်ရဲ့ မိသားစုဝင်တွေက ၅ ယောက်လောက်တွေ့တယ်။ အမျိုးသမီးတွေများတယ်။ အမှုသည်တွေရဲ့ အမေတွေပေါ့" ဟု ပြောသည်။

ပေါက်ကွဲမှုဖြစ်စဥ်တွင် ဗုံးစထိမှန်ဒဏ်ရာရသူ ၁၀ ဦးခန့်ရှိနေသေးပြီး ၎င်းတို့အား အင်းစိန်မြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကုသမှုများ ပြုလုပ်နေကြောင်းလည်း သိရသည်။



ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် အင်းစိန်ထောင် ထောင်ဝင်စာနှင့် ပစ္စည်းလက်ခံဌာနနေရာ / CJ

ပေါက်ကွဲမှုဖြစ်ဖြစ်ချင်း သေနတ်ပစ်ခတ်မှုများမှာ ထောင်ဝင်ပေါက်ရှေ့ရှိ ဘန်ကာများအတွင်းမှ စစ်ကောင်စီတပ်သားများက ခြောက်လှန့် ပစ်ခတ်သည့် သဘောသာဖြစ်ပြီး အပြန်အလှန်တိုက်ပွဲ ဖြစ်ပွားမှုပုံစံမျိုး မဟုတ်ကြောင်းလည်း မှုခင်းဖြစ်ပွားရာအနီးအနားရှိနေသူတဦးက ပြောသည်။

၎င်းက "အင်းစိန်ထောင်ရှေ့က ဘန်ကာတွေပေါ်ကနေ ပစ်ခတ်တာတွေလုပ်၊ ကားလမ်းတဖက်ခြမ်းရဲ့ အဆောက်အဦး တွေပေါ် ကျည်ခွံတွေကျတယ်။ လေးငါးချက်လောက် နှစ်ခါပစ်တာ။ ဗုံးကို အပြင်ကနေ ပစ်သွင်းလိုက်တယ်ထင်လို့ ခြောက်ပစ်တာလားမသိဘူး" ဟု ပြောသည်။

လတ်တလော နီးစပ်သူများ၏ အတည်ပြုချက်အရ သေဆုံးသူအရပ်သားအမျိုးသမီးများထဲတွင် မင်္ဂလာဒုံမြို့နယ်မှ ဒေါ်သင်းသင်းချို ဆိုသူလည်း ပါဝင်ကြောင်း သိရသည်။

ဒေါ်သင်းသင်းချိုမှာ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လအတွင်းက Air KBZ လေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဥ်တစီး၏ Pitot Tube အတွင်း သစ်ရွက်ခြောက်များ ထည့်သွင်းထားသည့်ဖြစ်စဥ်တွင် ပါဝင်သည်ဟုဆိုကာ ဖမ်းဆီးတရားစွဲဆိုခံထားရသူတဦး၏ မိခင်ဖြစ်ပြီး ၎င်းအနေဖြင့် ယနေ့ရုံးချိန်း၌ သက်သေအဖြစ်ထွက်ဆိုရန် လာရောက်စဥ် ဗုံးပေါက်ကွဲမှုအတွင်း၌ သေဆုံးခဲ့ရခြင်းဖြစ်ကြောင်းအမှုနှင့် နီးစပ်သူတဦးကပြောသည်။

အခြားသော အရပ်သားသေဆုံးသူများထဲတွင် ကြည့်မြင်တိုင်မြို့နယ်မှ အမျိုးသမီးလည်းပါဝင်ကြောင်း သိရပြီး သေဆုံးသူများ၏ အချက်အလက်များအား ဆက်လက်အတည်ပြုစုံစမ်းနေဆဲဖြစ်သည်။

အဆိုပါပေါက်ကွဲမှုဖြစ်ပြီးနောက် စစ်ကောင်စီတပ်ဖွဲ့ဝင်များ ရောက်ရှိလာကာ ထောင်အား ပိတ်ဆို့ထားပြီး နေ့လည် ၁၂ နာရီကျော်အထိ ပြင်ပမှလာရောက်သူများအား ထောင်အတွင်း ဝင်ခွင့်မပြုသကဲ့သို့ ပေါက်ကွဲမှုမဖြစ်မီ ထောင်အတွင်းရောက်ရှိနေသည့် ရှေ့နေများ၊ အမှုသည်မိသားစုများအားလည်း ထောင်ပြင်သို့ ပြန်ထွက်ခွင့်မပေးသေးကြောင်း သိရသည်။

ယင်းအပြင် ပေါက်ကွဲမှုအပြီး ထောင်အနီးရှိနေသည့် ကားတစီးအား စစ်ကောင်စီတပ်ဖွဲ့များက မှန်ခွဲကာ အတွင်းမှပစ္စည်းအချို့အား သိမ်းဆည်းယူဆောင်သွားသော်လည်း မည်သည့်ပစ္စည်းများဖြစ်သည်ကိုမသိရသေးဘဲ ကားမှာလည်း ရှေ့နေတဦး၏ ကားဖြစ်ကြောင်း သတင်းများထွက်ပေါ်လျက်ရှိနေသည်။



ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် အင်းစိန်ထောင် ထောင်ဝင်စာနှင့် ပစ္စည်းလက်ခံဌာနနေရာ / CJ

အဆိုပါ ပေါက်ကွဲမှုဖြစ်စဉ်နှင့် ပတ်သက်ပြီး သေဆုံး၊ ထိခိုက်ဒဏ်ရာရသူများ၏ အချက်အလက်များနှင့် ဖမ်းဆီးခံရသူများရှိမရှိ အသေးစိတ်အား ဧရာဝတီက ဆက်လက်စုံစမ်းနေဆဲဖြစ်သည်။ လက်ရှိတွင် ပေါက်ကွဲမှုမှာ မည်သည့်အဖွဲ့လက်ချက်ဖြစ်သည်ကို မသိရသေးပေ။

စစ်ကောင်စီ၏ သတင်းထုတ်ပြန်ချက်အရ သေဆုံးသူများမှာ အကျဉ်းထောင်တပ်သား ကျော်ဇင်ဦး၊ ချစ်မိုးဝေနှင့် ပိုးအိဇံတို့ဖြစ်ကြပြီး အရပ်သားများအနေဖြင့် ဒေါ်သင်းသင်းချို၊ အသက် ၁၀ နှစ်အရွယ် မယွန်းမီမီကျော်၊ ဒေါ်သိန်းကြွယ်နှင့် စိစစ်ဆဲအမျိုးသမီးနှစ်ဦးတို့ဖြစ်ကြောင်း ဖော်ပြထားသည်။

ထိခိုက်ဒဏ်ရာရသူများမှာ အကျဉ်းထောင်လက်ထောက်ကြီးကြပ်ရေးမှူး(၁) ဒေါ်သီဂီဝင်းမြင့်၊ အကျဉ်းထောင်တပ်သား ဖေယျာခင်စိုး၊ ထွန်းထွန်းနိုင်၊ သူရိန်ထွေး၊ သဒ္ဒါဖူးကိုကိုတို့ပါဝင်ပြီး ထောင်ဝင်စာလာရောက်ပို့ဆောင်သူ အသက် ၉ နှစ်ရွယ် မောင်ဖြိုးသူသျှံ(ခ)ပိုင်ပိုင်၊ ကိုရန်နိုင်၊ ကိုစည်သူအောင်၊ မောင်ပြည့်စုံဖြိုး၊ ကိုထက်နိုင်ထွန်းရှိန်၊ ဒေါ်ဇာခြည်လွင်(ခ) မလုံးစီ၊ မအေးစန္ဒာစိုး၊ ဒေါ်မျိုးပပဝင်း၊ မမေသွန်းနဒီနိုင်၊ ဒေါ်နော်ဝါးဖော၊ မဆွေသူအောင်၊ မဇင်မာဝင်း၊ ဒေါ်မိုးသီတာတို့အပါအဝင် စုစုပေါင်း ၁၈ ဦးဖြစ်ကြောင်း စစ်ကောင်စီက ထုတ်ပြန်ထားသည်။

အင်းစိန်ထောင်ပေါက်ကွဲမှုဖြစ်စဉ်နှင့် ပတ်သက်ပြီး ဖက်ဆစ်ဆန့်ကျင်ရေးလက်ရုံးတပ်ဖွဲ့က သေဆုံးသူများထဲတွင် နိုင်ငံရေးအကျဉ်းသားများ၏ မိသားစုများပါဝင်ခဲ့သည့်အပြင် ထောင်အတွင်းရှိနေသူများ၏ နေထိုင်မှု၊ ရိက္ခာ၊ ဆေးဝါးများရရှိမှုအပေါ် စစ်ကောင်စီက ပိုမိုတင်းကြပ်စွာထိန်းချုပ်လာနိုင်သည့်အတွက် ဖုံးထောင်သည့် လုပ်ရပ်အပေါ် ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သတင်းထုတ်ပြန်သည်။

၎င်းတို့က “ စစ်ကောင်စီဆိုတာ ကျနော်တို့ အပြင်းအထန်တိုက်ခိုက်ရမယ့် ရန်သူများဖြစ်သည်။ သို့သော် ဆင်ခြင်တုံတရားအားနည်းမှုကြောင့် ဖြစ်ပေါ်လာသည့် တိုက်ခိုက်မှုများဟာ ကိုယ့်ဘက်ကိုယ်ပါ ထိခိုက်လာနိုင်ကြောင်း မူလအစကပင် လေ့လာသင့်ပေသည်။ ထိုသို့မဟုတ်ဘဲ စစ်ကောင်စီ လက်အောက်ခံ သွေးသောက်အဖွဲ့၊ ပျူစောထီးအဖွဲ့များရဲ့ လုပ်ရပ်များလည်း ဖြစ်နိုင်ပေသည်” ဟု ဆိုထားသည်။

အဆိုပါ ပေါက်ကွဲမှုနှင့် ပတ်သက်၍လည်း ကျူးလွန်သူများအနေဖြင့် ကိုယ့်အမှားကိုယ်ဝန်ခံရန်နှင့် တော်လှန်ရေးအလွန်ကာလတွင် အသွင်ကူးပြောင်းမှုဆိုင်ရာ တရားမျှတမှုအား ရဲရဲဝံ့ဝံ့ပြစ်ဒဏ်ခံယူရန်လည်း ဖက်ဆစ်ဆန့်ကျင်ရေးလက်ရုံးတပ်ဖွဲ့က တောင်းဆိုထားသည်။

https://burma.irrawaddy.com/news/2022/10/19/255379.html

---

## အင်းစိန်ထောင် ဗုံးပေါက်ကွဲမှုကြောင့် နိုင်ငံရေးအကျဉ်းသားအချို့၏ မိသားစုဝင်များ သေဆုံး

Published By DVB | 19 October, 2022



ရန်ကုန်မြို့ အင်းစိန်အကျဉ်းထောင် အဝင်အထွက်ဂိတ်ပေါက် အတွင်းနဲ့အပြင်မှာ အောက်တိုဘာ ၁၉ ရက် မနက် ၁၀ နာရီဝန်းကျင်က ဗုံးနှစ်ကြိမ်ပေါက်ကွဲပြီး ပစ်ခတ်မှုဖြစ်ရာ ၈ ယောက် သေဆုံးပြီး ၁၁ ယောက် ဒဏ်ရာရတဲ့အထဲမှာ နိုင်ငံရေးအကျဉ်းသားတွေရဲ့ မိသားစုဝင်တချို့ ပါဝင်နေတယ်လို့ နိုင်ငံရေးအကျဉ်းသားဟောင်းတယောက်က ဒီဗွီဘီကို ပြောပါတယ်။

"ကျနော်ကြားတာတော့ ဂျိမ်းရဲ့အမေရော ကိုဟိန်းဆိုတဲ့ အမေရော သေတယ်ပြောတယ်။ တခြားနိုင်ကျဉ်းတွေရဲ့ မိသားစုဝင်တွေလည်း သေတယ်။ ဒဏ်ရာရတဲ့သူတွေကလည်း နိုင်ကျဉ်းမိသားစုဝင်တွေပဲ။"

သေဆုံးသွားတဲ့ နိုင်ငံရေးအကျဉ်းသား မိသားစုဝင်တွေကို ဆက်သွယ်မေးမြန်းဖို့ ကြိုးစားနေပေမဲ့ ဆက်သွယ်လို့ မရသေးပါဘူး။

ဒီကနေ့မနက် ၁၀ နာရီလောက်က အင်းစိန်အကျဉ်းထောင်မှာ ဗုံးပေါက်ကွဲပြီးနောက် ဝန်ထမ်း ၃ ယောက်သေဆုံးပြီး ၇ ယောက် ဒဏ်ရာရရှိခဲ့ပြီး ဒုတိယအကြိမ် ဗုံးပေါက်ပြီးမှ ပစ်ခတ်မှုဖြစ်ကာ ထောင်ဝင်စာပို့သူတွေ ထိမှန်သေဆုံးတာတွေ ရှိတယ်လို့ အင်းစိန်ထောင်အနီး နေထိုင်သူတယောက်က ဒီဗွီဘီကို ပြောပါတယ်။

သေဆုံးခဲ့ရတဲ့ ထောင်ဝင်စာလာပို့တဲ့ နိုင်ငံရေးအကျဉ်းသား မိသားစုဝင်တွေဟာ ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးတာလား၊ အင်းစိန်ထောင်ထဲက လုံခြုံရေးယူထားတဲ့ စစ်ကောင်စီတပ်ဖွဲ့တွေ ပစ်ခတ်မှုကြောင့် သေဆုံးတာလား ဆိုတာကို ဒီဗီွဘီအနေနဲ့ သီခြား အတည်မပြုနိုင်သေးပါဘူး။

စစ်ကောင်စီဘက်ကတော့ ဗုံးပေါက်ကွဲမှုဖြစ်စဉ်မှာ အကျဉ်းဦးစီးဌာန ဝန်ထမ်းသုံးယောက် သေဆုံးခဲ့ပြီး ငါးယောက် ဒဏ်ရာရရှိခဲ့ကာ ထောင်ဝင်စာပို့သူ အမျိုးသမီးငါးယောက် သေဆုံး၊ အမျိုးသားငါးယောက် အမျိုးသမီးရှစ်ယောက် ထိခိုက်ဒဏ်ရာရရှိခဲ့တယ်လို့ ထုတ်ပြန်ထားပါတယ်။

သေဆုံးသူတွေရဲ့ ရုပ်အလောင်းကို လာရောက်ထုတ်ယူဖို့ စစ်ကောင်စီက ညနေပိုင်းမှာ မိသားစုဝင်တွေကို အကြောင်းကြားထားတယ်လို့ မိသားစုဝင်တွေနဲ့ နီးစပ်သူတယောက်က ဒီဗွီဘီကို ပြောပါတယ်။

"ကျနော့်သူငယ်ချင်းရဲ့ အမေလည်း ထောင်ဝင်စာပို့ရင်း ဗုံးပေါက်တဲ့အထဲမှာပါတယ်၊ သေသွားတယ်။ ဒီညနေ အလောင်းလာထုတ်ခိုင်းတယ်။"

ဗုံးပေါက်ကွဲမှုဖြစ်ပြီးနောက် နောက်ထပ် မပေါက်ကွဲသေးတဲ့ လက်လုပ်ဗုံးတလုံးကို တွေ့ရှိခဲ့ပြီး အင်းစိန်အကျဉ်းထောင်အတွင်းနဲ့ အပြင်မှာ စစ်ကောင်စီတပ်တွေ ရှိနေကာ လုံခြုံရေး တိုးမြှင့်ချထားတယ်လို့ ထောင်နဲ့နီးစပ်သူတယောက်က ဒီဗွီဘီကို ပြောပါတယ်။

"ဗုံးပေါက်တာနဲ့ပတ်သက်ပြီး အကျဉ်းဦးစီးကတဆင့် ရဲနဲ့စစ်တပ်က စစ်ဆေးနေတယ်။ ထောင်ရှေ့မှာရော အတွင်းမှာပါ လုံခြုံရေးချထားတယ်။"

ဒီကနေ့ ဗုံးပေါက်ကွဲမှုနဲ့ပတ်သက်ပြီး စစ်ကောင်စီဘက်က ထောင်ဝင်စာပိတ်ပင်မှာကို နိုင်ငံရေးအကျဉ်းသား မိသားစုတွေက စိုးရိမ်နေကြပါတယ်။

အင်းစိန်ထောင် ဗုံးပေါက်ကွဲမှုနဲ့ပတ်သက်လို့ ဘယ်အဖွဲ့က လုပ်ဆောင်သလဲဆိုတာ ထုတ်ပြန်တာမျိုး မရှိသေးပါဘူး။

ပြီးခဲ့တဲ့လတွေကလည်း အင်းစိန်အကျဉ်းထောင်မှာ ပစ်ခတ်မှုတချို့နဲ့ ဗုံးပေါက်ကွဲမှုတွေ ဖြစ်ခဲ့ပြီး ဝန်ထမ်းတချို့ သေဆုံးကာ ထိခိုက်ဒဏ်ရာရရှိသူတွေလည်း ရှိပါတယ်။

https://burmese.dvb.no/archives/559813

--------------------------------------------------------------------------------

## အင်းစိန်ထောင်ရှေ့ပေါက်ကွဲမှုအား တော်လှန်ရေးအဖွဲ့များ ရှုတ်ချ

By မဇ္ဈိမ | 19 October 2022



မဲဆောက်(မဇ္ဈိမ)။ ။ယနေ့ အောက်တိုဘာလ ၁၉ ရက်နေ့ နံနက်ပိုင်းတွင်ဖြစ်ပွားခဲ့သော အင်းစိန်ထောင် ရှေ့ ထောင်ဝင်စာပို့သည့်နေရာ၌ပေါက်ကွဲမှုတွင် လူရှစ်ဦးသေဆုံးခဲ့ပြီး ၎င်းတို့ထဲတွင် နိုင်ငံရေးအကျဉ်း သားများထံသို့ ထောင်ဝင်စာလာပို့သည့် မိသားစုဝင်များလည်းပါဝင်ခဲ့ကြောင်း သိရသည်။

ပေါက်ကွဲမှုနှင့်ပတ်သက်ပြီး နာရီပိုင်းအတွင်း တော်လှန်ရေးအဖွဲ့များနှင့် အဖွဲ့အစည်းများက ဖြစ်စဉ်နှင့် ပတ်သက်ပြီး ကန့်ကွက်ရှုတ်ချကြောင်းထုတ်ပြန်ချက်များ အသီးသီးထုတ်ပြန်ခဲ့ကြသည်။

ထောင်ဝင်စာပို့ရာနေရာသည် ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့နေသောနေရာဖြစ်ပြီး နိုင်ငံရေးအကျဉ်း သားများအတွက် လိုအပ်သောထောက်ပံ့မှုများကို ပေးပို့နိုင်သော တစ်ခုတည်းသောနေရာဖြစ်သည့် အတွက် စစ်ရေးပစ်မှတ်အဖြစ် မည်သည့်ဘက်မှဦးတည်တိုက်ခိုက်သည်ဖြစ်စေ၊ အဆိုပါဖြစ်စဉ်သည် စစ်အတွင်းလိုက်နာရမည့်ကျင့်ဝတ်များကို သွေဖယ်ခြင်းဖြစ်ကြောင်း ရန်ကုန်အခြေစိုက် တက္ကသိုလ် ကျောင်းသားသမဂ္ဂများ (တကသများ-ရန်ကုန်)က ထုတ်ပြန်ထားသည်။

စစ်ကောင်စီဘက်မှပစ်ခတ်ခြင်းသည် စစ်တပ်၏အကြမ်းဖက် ဖက်ဆစ်သဘွေကို ထင်ရှားစွာပြသခြင်းဖြစ် ပြီး တော်လှန်ရေးတပ်ဖွဲ့ဝင်များကတိုက်ခိုက်ခဲ့ပါက ယနေ့ဖြစ်ပွားသောဖြစ်စဉ်သည် တော်လှန်ရေး၏ ပုံရိပ်ကို ဆိုးရွားစွာထိခိုက်စေနိုင်သဖြင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချလိုက်ကြောင်းလည်း တကသများ ရန်ကုန်၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

“လက်ရှိဖြစ်စဉ်ကြောင့် ထောင်ဝင်စာလာပို့တဲ့ အပြစ်မဲ့ပြည်သူတွေလည်း သေဆုံးခဲ့ရသလို နောက်ပိုင်းမှာ စစ်ကောင်စီဘက်က ထောင်ဝင်စာပိတ်ချလိုက်တာမျိုးတွေ ဖြစ်လာနိုင်တယ်၊ ဒီဖြစ်ရပ်ဟာ ဘယ်ဘက် ကပဲလုပ်လုပ် ဆင်ခြင်မှုမရှိဘဲ ဆောင်ရွက်ခဲ့တာလို့ယူဆပြီး ကျနော်တို့အနေနဲ့ ပြင်းပြင်းထန်ထန် ကန့် ကွက်ရှုတ်ချပါတယ်။ သေဆုံးသွားခဲ့တဲ့အပြစ်မဲ့ ပြည်သူတွေအတွက် တရားမျှတမှုတစ်စုံတစ်ရာရရှိနိုင်ဖို့ ပြုလုပ်ခဲ့တဲ့သူတွေအနေနဲ့ တာဝန်ယူမှု၊ တာဝန်ခံမှု ပေးရပါလိမ့်မယ်” ဟု တကသများရန်ကုန်မှ ပြောဆို ခွင့်ရှိသူ မဇွန်ဇာနှင်းဆက်က မဇ္ဈိမသို့ပြောသည်။

ထို့ပြင် အင်းစိန်ထောင်သည် မတရားအကျဉ်းချခံထားရသော နိုင်ငံရေးအကျဉ်းသားများအပါအဝင် အကျဉ်းသားများအတွက် ထောင်ဝင်စာပေးပို့ရန်အတွက်လာရောက်သည့် မိသားစုဝင်များ၊ ဥပဒေ အထောက်အကူပြုသည့်ပုဂ္ဂိုလ်များ၊ အရပ်သားများ အမြဲလှုပ်ရှားသွားလာနေသည့်နေရာဖြစ်သည့် အတွက် စစ်ရေးပစ်မှတ်အဖြစ် မသတ်မှတ်သင့်ကြောင်းဟူ၍လည်း စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး အထွေထွေသပိတ်ကော်မတီ၊ စစ်အာဏာရှင်ဆန့်ကျင့်ရေးလူလှုပ်ရှားမှုကော်မတီနှင့် လူမျိုးပေါင်းစုံ အထွေအထွေ သပိတ်ကော်မတီတို့က ထုတ်ပြန်ထားသည်။

ထပ်မံ၍ ရန်ကုန်မြို့ပြပြောက်ကျားများအဖွဲ့ကလည်း ယခုကဲ့သို့ အဆင်ခြင်နည်းပါးစွာဖြင့် လုပ်ဆောင်မှု ကြောင့် ထောင်တွင်းအခြေအနေများပိုမို တင်းကြပ်မှုရှိလာနိုင်ကာ ထောင်နံရံများကြားမှ တိုက်ပွဲဝင်နေ သောရဲဘော်များအတွက် ပိုမိုအခက်တွေ့လာစေနိုင်ကြောင်း ထုတ်ပြန်ထားသည်ကိုလည်း တွေ့ရသည်။

အဖွဲ့အသီးသီးက ယခုဖြစ်စဉ်အပေါ်တွင် ကန့်ကွက်ရှုတ်ချထားပြီး မည်သည့်အစုအဖွဲ့က လုပ်ဆောင် သည်ဖြစ်စေ တာဝန်ခံရမည်ဖြစ်ကြောင်းလည်း ထုတ်ပြန်ထားကြသည်။

https://www.mizzimaburmese.com/article/117474

-----------------------------------------------------------------------------------------------

## ခန္တီးအကျဉ်းထောင်မှ အကျဉ်းသား ၁၄ ဦး ထွက်ပြေး၊ ၅ ဦး ပြန်ဖမ်းမိပြီး ၁ ဦး သေဆုံး

Published By DVB | 19 October, 2022



စစ်ကိုင်းတိုင်း၊ ခန္တီးမြို့ အကျဉ်းထောင်ကနေ ကေအိုင်အေတပ်ဖွဲ့အချို့အပါအဝင် နိုင်ငံရေးအကျဉ်းသား ၁၄ ယောက် အောက်တိုဘာ ၁၈ ရက် မနက်က ထောင်ဖောက်ပြီး ထွက်ပြေးရာမှာ ၅ ယောက် ပြန်လည်ဖမ်းမိပြီး တယောက် သေဆုံးသွားတယ်လို့ မြို့ခံတွေထံက သိရပါတယ်။

ခန္တီးမြို့နဲ့ ၃ မိုင်အကွာမှာရှိတဲ့ အကျဉ်းထောင်မှာ မနေ့ မနက်အစောပိုင်း ၃ နာရီလောက်က အကျဉ်းသားတွေ ထွက်ပြေးလွတ်မြောက်သွားတာပါ။

ဒေသခံတဦးက "မနက် ၃ နာရီလောက် ဖြစ်မယ်။ ကျနော်တို့ သိတာ မနက် ၅ နာရီလောက်မှ သိတယ်။ လက်နက်တချို့လည်း ပါသွားတယ်။ စစ်ကောင်စီတပ်တွေက ခန္တီးမြို့ထဲမှာ ပိတ်ဆို့စစ်ဆေးနေပြီး ကုန်းလမ်း၊ ရေလမ်း အကုန်ပိတ်ထားတယ်" လို့ ပြောပါတယ်။

ခန္တီးအကျဉ်းထောင်ကနေ ၁၄ ဦး ထွက်ပြေးခဲ့ရာမှာ ၅ ဦး ပြန်လည်ဖမ်းဆီးခံရကာ ဖမ်းဆီးခံထားရသူတွေထဲက အကျဉ်းသားတယောက်ကို စစ်ဆေးမြန်းပြီးနောက်မှာ ခန္တီးပြည်သူ့ဆေးရုံကို ပို့ဆောင်ထားစဉ် နေ့လယ် ၂ နာရီမှာ သေဆုံးသွားတယ်လို့ ရဲဝန်ထမ်းတဦးက ပြောပါတယ်။

သေဆုံးသွားတဲ့ အကျဉ်းသားဟာ ဖမ်းဆီးခံရစဉ် ပစ်ခတ်ခံရတာလား စစ်ဆေးစဉ်မှာ နှိပ်စက်ခံရပြီး သေဆုံးခဲ့တာလားဆိုတာကိုတော့ ရှင်းရှင်းလင်းလင်း မသိရသေးပါဘူး။

ဩဂုတ် ၃၀ ရက်က ဖမ်းဆီးခံရတဲ့ ကေအိုင်အေ တပ်ဖွဲ့ဝင် ၄ ယောက်လည်း အခု ထွက်ပြေးလွတ်မြောက်သွားတဲ့အထဲ ပါသွားတယ်လို့ သိရပါတယ်။

အကျဉ်းသားတွေ ထောင်ဖောက်ပြေးမှုဖြစ်ပွားပြီးနောက်  ခန္တီးမြို့မှာ စစ်ကောင်စီ လုံခြုံရေးတပ်ဖွဲ့တွေက  ပိတ်ဆို့စစ်ဆေးနေပါတယ်။

https://burmese.dvb.no/archives/559686

---------------------------------------------------------------------------------------

## ဝက်လက်မှာ ဒေသခံခြောက်ထောင်နီးပါး နေရပ်စွန့်ခွာ ထွက်ပြေးနေရ

2022.10.19



စစ်ကိုင်းတိုင်း၊ ဝက်လက်မြို့နယ် သစ်ဆိမ့်ကြီးကျေးရွာမှ စစ်ကောင်စီတပ်ဖွဲ့က မီးရှို့ဖျက်ဆီးခဲ့သည့် နေအိမ်အချို့ကို ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့က တွေ့ရစဉ်။ Photo: GZ Special Task Force – Wetlet

စစ်ကိုင်းတိုင်း၊ ဝက်လက်မြို့နယ်မှာ အောက်တိုဘာ ၁၄ ရက်နေ့ကနေ ၁၈ ရက်နေ့အထိ စစ်ကောင်စီတပ်တွေ ရွာတွေထဲ စစ်ကြောင်းထိုး ဝင်ရောက်နေတာကြောင့် ဒေသခံ ခြောက်ထောင်နီးပါး နေရပ်စွန့်ခွာ ထွက်ပြေးနေရတယ်လို့ ဝက်လက်ဒေသခံတွေက ပြောပါတယ်။

ဝက်လက်မြို့နယ်ထဲက ပိတောက်ခြုံ၊ ဆင်နင်း၊ သစ်ဆိမ့်ကြီး၊ ကူကြီး ၊ စခန်းသာနဲ့ ဘုရားလေးကုန်းရွာ အပါအဝင် ရွာပေါင်း ၁၀ ရွာက ဒေသခံတွေ ထွက်ပြေးနေရတာလို့ ဝက်လက်ဒေသခံတစ်ဦးက RFA ကို ဒီကနေ့ ပြောပါတယ်။

**“ကိုယ့်အနီးအနားရွာမှာ စစ်ကြောင်းဝင်တယ်ဆိုရင်လည်း တခြားရွာတွေက လူတွေလည်း ထွက်ပြေးရတယ်။ အိမ်ပြန်လည်းခဏပဲ။ လုံခြုံရတဲ့အနေထား မဟုတ်တော့လေ။ ဆွေမျိုးတွေဆီနဲ့ တောတောင်တွေထဲ ထွက်ပြေးကြရတာ။ အခုဝင်တဲ့စစ်ကြောင်းက ရက်စက်တယ်လို့ ပြောလို့ရတယ်။ မီးရှို့ခံရတဲ့ရွာတွေလည်း များတယ်။ မီးရှို့ခံရတဲ့ လူတွေကတော့ တော်တော် ဒုက္ခရောက်နေတာပေါ့ဗျာ”**

လက်ရှိ ဘေးလွတ်ရာ ထွက်ပြေးနေရတဲ့ ဒေသခံတွေအတွက် နေရေးထိုင်ရေးအပြင် စားဝတ်နေရေးပါ အခက်အခဲ ရှိလာပြီလို့ သူကဆက်ပြောပါတယ်။

ဝက်လက်မြို့နယ်ထဲကို စစ်ကြောင်းထိုးဝင်ရောက်နေတဲ့ စစ်ကောင်စီတပ်ဟာ တပ်မ - ၃၃ ဖြစ်တယ်လို့လည်း ဒေသခံတွေက ပြောပါတယ်။

ဒီပြောဆိုမှုတွေနဲ့ ပတ်သက်ပြီး RFA အနေနဲ့ သီးခြားအတည်မပြုနိုင်သေးသလို စစ်ကောင်စီဘက်ကလည်း တစ်စုံတစ်ရာ သတင်းထုတ်ပြန်ထားတာ မရှိပါဘူး။

ပြီးခဲ့တဲ့အောက်တိုဘာ ၁၄ ရက်နဲ့ ၁၅ ရက်တွေကလည်း ပိတောက်ခြုံရွာက နေအိမ် ခုနစ်လုံးနဲ့ ဆင်နင်းရွာက နေအိမ် ခုနစ်လုံး၊ အောက်တိုဘာ ၁၆ ရက်မှာ သိမ်ဆိမ့်ကြီးရွာက နေအိမ် ၃၄ လုံးနဲ့ ကူကြီးရွာက နေအိမ်သုံးလုံးကို စစ်ကောင်စီ တပ်ဖွဲ့တွေက မီးရှို့ဖျက်ဆီး ခဲ့တယ်လို့ ဒေသခံတွေက ပြောပါတယ်။

စခန်းသာနဲ့ ဘုရားလေးကုန်းရွာမှာလည်း နေအိမ်တွေ မီးရှို့ခံခဲ့ရပေမယ့် ဒေသကာကွယ်ရေး တပ်ဖွဲ့တွေ ရှင်းလင်းရေး မဝင်ရသေးတာကြောင့် ဒေသခံတွေရွာထဲ မပြန်ရဲသေးလို့ အတိအကျမသိရဘူးလို့ GZ Special Task Force – Wetlet ရဲ့ တာဝန်ခံတစ်ဦးက RFA ကိုပြောပါတယ်။

ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး (UNOCHA) ရဲ့အောက်တိုဘာ ၁ ရက်နေ့က ထုတ်ပြန်တဲ့ အစီရင်ခံစာထဲမှာတော့ မြန်မာနိုင်ငံမှာ စစ်တပ်က အာဏာ သိမ်းပြီးနောက် ပဋိပက္ခနဲ့ မလုံခြုံမှုတွေကြောင့် စစ်ကိုင်းတိုင်းထဲက ဒေသခံ ၅၄၅,၂၀၀ ဦး နေရပ်စွန့်ခွာ ထွက်ပြေးနေရတယ်လို့ ဖော်ပြထားပါတယ်။

https://www.rfa.org/burmese/news/wetlet-locals-flee-10192022065855.html

-------------------------------------------------------------------------------

## အင်းတော်မြို့နယ် အောင်းကုန်းရွာတွင် တိုက်ပွဲဖြစ်၊ စစ်ကောင်စီက တိုက်လေယာဉ် ၂ စီးဖြင့် ဗုံးကြဲ

Published By DVB | 19 October, 2022



စစ်ကိုင်းတိုင်း၊ အင်းတော်မြို့နယ် အင်းတော်-ဗန်းမောက်လမ်းပေါ်က အောင်းကုန်းကျေးရွာမှာ အောက်တိုဘာ ၁၈ ရက်နေ့က စစ်ကြောင်းထိုးလာတဲ့ စစ်ကောင်စီတပ်ဖွဲ့တွေနဲ့ ကချင်လွတ်မြောက်ရေးတပ်မတော် (KIA)၊ PDF ပူးပေါင်းတပ်ဖွဲ့တို့ မနက် ၉ နာရီဝန်းကျင်ကစတင်ပြီး တိုက်ပွဲဖြစ်ပွားခဲ့ပါတယ်။

ညနေ ၆ နာရီဝန်းကျင်လောက်မှာတော့ စစ်ကောင်စီက တိုက်လေယာဉ်နှစ်စီးနဲ့ လာရောက်ဗုံးကြဲတိုက်ခိုက်ခဲ့တယ်လို့ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တွေနဲ့ နီးစပ်သူတဦးက ပြောပါတယ်။

“မနေ့ကတည်းက စစ်ကောင်စီက တရွာလုံးကို ရှောင်ခိုင်းလိုက်တယ်။ တရွာလုံးကို မောင်းထုတ်လိုက်တယ်၊ ပြီးရင် ဝုန်းတိုင်းကြဲတော့တာပဲ။ ပြီးတော့ ရွာထဲမှာလူမရှိတော့ဘူး။ အသံတွေတော့ မနက် ၉ နာရီ ကတည်းလောက်ကနေ ကြားရတယ်၊ ညနေ ၆ နာရီဝန်းကျင်လောက်ရောက်တော့ တိုက်လေယာဉ်နှစ်စီးနဲ့ ဗုံး ၈ လုံးလာကြဲသွားတယ်။ အခုပြန်ပြီး ကြားရတာက ၄ လုံးက မပေါက်ဘူးလို့ ပြောတယ်။”

တိုက်ပွဲကြောင့် အောင်းကုန်းရွာက နေအိမ်တွေမှာ လက်နက်ကြီး ကျရောက်ပေါက်ကွဲ မီးလောင်တာတွေရှိသလို စစ်ကောင်စီတပ် မီးရှို့တာကြောင့် ကျေးရွာထဲက လူနေအိမ် ၁၀ လုံးကျော် မီးလောင်ကျွမ်းခဲ့တယ်လို့ ဆိုပါတယ်။

ပြည်သူတဦးကိုလည်း စစ်ကောင်စီတပ်ဖွဲ့ဝင်တွေက အောင်းကုန်းဘုန်းကြီးကျောင်းထဲခေါ်ယူပြီး သတ်ဖြတ်လိုက်တယ်လို့ သတင်းတွေထွက်ပေါ်နေပေမဲ့ ဒီဗွီဘီက သီးခြားစုံစမ်းနေဆဲပါ။

အင်းတော်မြို့နယ်၊ အင်းတော်မြို့အဝင်ဂိတ်ကို အင်းတော်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်တွေက အောက်တိုဘာ ၁၉ ရက် နေ့လယ် ၁ နာရီဝန်းကျင်လောက် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး ရဲတယောက်သေဆုံး၊ တယောက် ခြေထောက်ထိမှန်ခဲ့တယ်လို့ Indaw Revolution-IR မှာ ဖော်ပြထားပါတယ်။

အင်းတော်မြို့နယ် အောင်းကုန်းကျေးရွာမှာ အိမ်ထောင်စု ၂၀၀ ဝန်းကျင်နေထိုင်ကြပြီး စစ်ကောင်စီက လေယာဉ်နဲ့ ဗုံးကြဲတာကြောင့်  ပြည်သူအားလုံး အင်းတော်မြို့နဲ့ နီးစပ်ရာကျေးရွာတွေကို ထွက်ပြေးတိမ်းရှောင်နေရတယ်လို့ သိရပါတယ်။

https://burmese.dvb.no/archives/559830

-------------------------------------------------------------------------------

## ယင်းမာပင်-ရင်ပေါင်တိုင်ရွာ မြန်မာစစ်တပ်က ဝေဟင်နဲ့မြေပြင် ထိုးစစ်ဆင်နေ

၁၉ အောက်တိုဘာ၊ ၂၀၂၂ | အလီမွှာ

စစ်ကိုင်းတိုင်း ပုလဲမြို့နယ် ယင်းမာပင်မြို့အစပ်က ရင်ပေါင်တိုင်ကျေးရွာကို ဒီနေ့ စက်တင်ဘာလ ၁၉ ရက်နေ့ မနက် ၁၀ နာရီလောက်မှာ မြန်မာစစ်တပ်က လေကြောင်းကနေ ဗုံးကြဲတိုက်ခိုက်ခဲ့သလို မြေပြင်ကလည်း တပ်တွေ တိုးချနေတဲ့အကြောင်း ဒေသခံတွေက ပြောပါတယ်။ လူတွေထိခိုက်ဒဏ်ရာရတယ်ဆိုတဲ့ သတင်းတွေ ထွက်ပေါ်မလာပေမယ့် ဒေသခံတွေကြားစိုးရိမ်ပြီး ဘေးလွတ်ရာကို ထွက်ပြေးပုန်းရှောင်နေကြပါတယ်။ ယင်းမာပင်မြို့အနီး စစ်တပ်ရဲ့ နယ်မြေရှင်းလင်းရေး ထိုးစစ်အကြောင်း သတင်းပေးပို့ချက်ကို အလီမွှာ က တင်ပြပေးထားပါတယ်။

ဒီနေ့ မနက် ၁၀ နာရီကျော်လောက်မှာ မြန်မာစစ်တပ်ဘက်က စစ်ရဟတ်ယာဥ် ၄ စင်းနဲ့ ရုတ်တရက် ရောက်လာပြီး ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ယင်းမာပင်မြို့နယ် စစ်ရှောင်ကူညီပေးနေတဲ့ ဒေသခံ သံဃာတပါးက မိန့်ကြားပါတယ်။

**“**အမှတ်တမဲ့နဲ့ ဝင်ရောက်တိုက်ခိုက်နေတယ်ပုံစံမျိုးပဲ။ ဘာလို့လဲဆိုတော့ ဒီယင်းမာပင်ထဲမှာ သူတို့ လေယာဥ်လာရောက် အဲ့လိုဖြစ်တာက တိုက်ခိုက်ခြင်းမရှိတာ တော်တော်လေးကြာပြီဆိုတော့ အခုက အမှတ်တမဲ့အလစ်အငိုက်တွေ ချောင်းပြီးတော့ လာရောက်တိုက်ခိုက်တယ်လို့ပဲ သုံးသပ်လို့ရတယ်။ ဒေသခံတွေကတော့ သက်ကြီးရွယ်အိုတွေ၊ အိမ်မွေး ကျွဲ နွား တိရိစ္ဆာန်တွေရှိတဲ့ လူတွေကတော့ ဘာပဲပြောပြော ကိုယ့်ရပ်ကိုယ့်ရွာကို ပြန်ပြီးတော့ပေါ့နော် အေးချမ်းပြီထင်တဲ့အခါ ပြန်ဝင်ရောက်ပြီးတော့ နေထိုင်နေကြတဲ့အတွက် ရပ်ရွာထဲမှာ ဒေသခံတွေ ရှိပါတယ်။**”**

ပြီးတဲ့ ဩဂုတ်လ ၁၁ ရက်တုန်းကလည်း ယင်းမာပင်မြို့နယ် ရင်ပေါင်တိုင် ကျေး ရွာမှာ ဒေသခံ PDF တပ်ဖွဲ့တွေ ခြေကုတ်ယူနေတယ်ဆိုပြီး စစ်တပ်ဘက်က လေကြောင်းက ပစ်ခတ်တိုက်ခိုက်ခဲ့ပါတယ်။ ဩဂုတ်လအတွင်းက ရင်ပေါင်တိုင်ကျေးရွာကို လေကြောင်းကနေ ပစ်ခတ်ခဲ့ချိန်မှာ ဒေသခံကာကွယ်ရေး တပ်ဖွဲ့တွေ အပါအဝင် အရပ်သားတွေ ၁၂ ဦးထက်မနည်း သေဆုံးခဲ့တယ်လို့ ဒေသခံတွေက VOA ကို ပြောဆိုထားပါတယ်။ ထိခိုက်သေဆုံးမှုတွေနဲ့ ပတ်သက်လို့ သီးခြားအတည်ပြုချက်တော့ မရရှိခဲ့ပါဘူး။

ဩဂုတ်လထဲ လေကြောင်းတိုက်ခိုက်ခံရပြီးတဲ့နောက် တချို့ဒေသခံတွေက ခုချိန် ထိ ဘေးကင်းတဲ့ရွာတွေဖက်မှာ ခိုလှုံနေကြဆဲ ဖြစ်ပါတယ်။ တည်ငြိမ်စပြုလာချိန် နေရပ်ပြန်လာနေတဲ့ ဒေသခံတွေလည်း ရှိနေတယ်လို့ သံဃာက မိန့်ကြားပါတယ်။ ဒါပေမယ့် ဒီကနေ့ ပစ်ခတ်တိုက်ခိုက်မှုမှာ လူတွေ ထိခိုက်ဒဏ်ရရတဲ့ သတင်းတွေတော့ ထွက်မလာသေးပါဘူး။

ယင်းမာပင်အခြေစိုက် မြောက်ယမား ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ PDF တာဝန်ခံ ကိုခန့်ကတော့ လေကြောင်းနဲ့ တိုက်ခိုက်ခံရတဲ့ ရင်ပေါင်တိုင်ကျေးရွာတွေဘက်မှာ PDF နဲ့ စစ်တပ်ကြား လတ်တလော တိုက်ပွဲမရှိဘူးလို့ ပြောပါတယ်။ အခုလို ရုတ်တရက် ဝင်ရောက် လေကြောင်းကနေ ထိုးစစ်ဆင်တဲ့အတွက် ပိုထိုးသာကျေးရွာ ရင်ပေါင်တိုင်ကျေးရွာ ဆင်စွယ်ကျေးရွာ အနီးအနားကျေးရွာတွေက ဒေသခံတွေ အတော်များများ ထွက်ပြေးနေရပြီလို့ ဆိုပါတယ်။

**“**ရင်ပေါင်တိုင်၊ ပုထိုးသာ အဲ့ဘက်ကရွာ… ဆင်စွယ်အရှေ့ဘက်တကြောတွေ အကုန်လုံး အဲ့မှာပတ်ပြီးတော့ ပစ်နေတယ်လို့ ပြောတယ်။ လူတွေချနေတယ်လို့ ပြောတယ်။ ယင်းမာပင်နဲ့ ပုလဲကြားက ပုထိုးသာ၊ နောက်ပြီးတော့

ပုထိုးသာရဲ့ အနောက်ဘက်၊ ပြီး ဆင်စွယ်၊ အဲ့နားတဝိုက်ပေါ့။ ဝင်ရောက်စီးနင်းခံရတာပေါ့ အဲ့နားရွာတွေ ၄၊ ၅ ၁၀ ရွာလောက် ရှိမယ်ထင်တယ်။”

အခုလို လေကြောင်းကနေ ပစ်ခတ်တိုက်ခိုက်တာနဲ့ ပတ်သက်လို့ စစ်ကောင်စီဘက်က သတင်းထုတ် ပြန်တာတော့ မရှိသေးပါဘူး။ ဒီလိုတိုက်ခိုက်မှုကြောင်း ဒေသခံ PDF တပ်တွေနဲ့ စစ်တပ်ကြား နောက်ထပ် တိုက်ပွဲတွေ တကြော့ပြန် ပြန်ဖြစ် လာနိုင်တယ်လို့ PDF ဘက်က သုံးသပ်သလို ဒေသခံတွေ ဘက်မှာလည်း စိုးရိမ်မှုတွေ ကြီးထွားလာနေပါတယ်။

[https://burmese.voanews.com/a/ယင္းမာပင္-ရင္ေပါင္တုိင္ကြ်ာ-ေလေၾကာင္းထုိးစစ္-စစ္ေဘးေရွာင္-စစ္ေကာင္စီတပ္/6796269.html](https://burmese.voanews.com/a/ယင္းမာပင္-ရင္ေပါင္တုိင္ကြ်ာ-ေလေၾကာင္းထုိးစစ္-စစ္ေဘးေရွာင္-စစ္ေကာင္စီတပ္/6796269.html)

------------------------------------------------------------------------------------------------

## စစ်ကိုင်းတိုင်းအတွင်း ကျေးရွာများကို စစ်တပ်က လေကြောင်းမှတိုက်ခိုက်၊ ပြည်သူ့ နေအိမ်များကို မီးရှို့ဖျက်ဆီး

Published By DVB | 19 October, 2022

စစ်ကိုင်းတိုင်း၊ ပုလဲမြို့နယ်နဲ့ ယင်းမာပင်မြို့နယ်အစပ်က ပုထိုးသာကျေးရွာ၊ ရင်ပေါင်တိုင်ရွာနဲ့ ဆင်စွယ်ရွာတွေဘက်ကို စစ်ကောင်စီတပ်က အောက်တိုဘာ ၁၉ ရက် ဒီမနက် ၁၀ နာရီကျော်က လေယာဉ်နဲ့ ပစ်ခတ်ခဲ့တယ်လို့ ပုလဲဒေသခံတွေဆီက သိရပါတယ်။

အဲဒီ လေယာဉ်တွေဟာ မုံရွာ နမခစစ်တပ်ကနေ လာရောက်ပစ်ခတ်နေတာ ဖြစ်တယ်လို့လည်း ပုလဲဒေသခံခေါင်းဆောင် ဗိုလ်ဂဠုန်က ပြောပါတယ်။

“မြေပြင်မှာကတော့ ဘာတိုက်ပွဲမှ မရှိဘူးဗျ။ ပထမ သူတို့က လေယာဉ်နဲ့ ရွာပေါ်ကနေဝဲတယ်။ အဲလိုဝဲပြီး ဂျက်ဖိုက်တာ ၂ စီးက မြေပြင်ကို ပစ်ခတ်တာတွေ လုပ်တယ်။ ကျန်နှစ်စီးက မြေပြင်ကို စစ်သားတွေချတယ်။ ချပြီး နောက်ထပ် နမခကို စစ်သားတွေသွားသယ်ပြီး ထပ်ချတယ်။ စုစုပေါင်း မြေပြင်ချတာ နှစ်စီးပေါင်း ၄ ခေါက်ချတယ်။ အပေါ် ဂျက်ဖိုက်တာကတော့ အခုထိပစ်ခတ်ပြီး ကောင်းကင်ကနေ ဝဲနေတယ်” လို့ ပြောပါတယ်။

လက်ရှိ စစ်တပ်က လေယာဉ် ၆ စင်းနဲ့ ပစ်ခတ်တာကြောင့် ဒေသခံရွာ ၄ ရွာထက်မနည်းရှိ ရွာသားတွေ နေရပ်စွန့်ခွာ ထွက်ပြေးနေကြရပြီး သက်ကြီးရွယ်အိုတွေ၊ ကလေးသူငယ်တွေနဲ့ ကျန်းမာရေးမကောင်းသူတွေရွာအတွင်း ပိတ်မိနေပါတယ်။

အဆိုပါကျေးရွာတွေကို စစ်ကောင်စီက ဩဂုတ် ၁၁ ရက်ကလည်း လေယာဉ် ၄ စီးနဲ့ ပစ်ခတ်ခဲ့ဖူးပါတယ်။

စစ်ကိုင်းမြို့နယ်၊ မာလဲတောကျေးရွာအုပ်စုထဲက ချိုင်းကြီးကျေးရွာမှာတော့ နေအိမ်တချို့ကို ဒီနေ့မနက် ၇ နာရီလောက်ကစပြီး စစ်ကောင်စီတပ်ဖွဲ့က ဝင်ရောက်မီးရှို့သွားပါတယ်။

ဒီနေ့မနက် ၅ နာရီခွဲလောက်က ကျော်ဇေယျာကျေးရွာနဲ့ ချိုင်းကြီးကျေးရွာအကြား အုံးတောအခြေစိုက်တပ်ရင်းမှ စစ်ကောင်စီတပ်ဖွဲ့ အင်အားအပြည့်ပါတဲ့ စစ်ကား ၁ စီး ရောက်လာပြီး နေအိမ် ၄ လုံးကို မီးရှို့သွားတာလို့ ဒေသခံက ပြောပါတယ်။

“မနေ့က ဒီဘက်မှာ သူတို့တွေ မိုင်းဆွဲခံရလို့ မဆီမဆိုင် ဘေးပတ်ဝန်းကျင်ရွာကို ပတ်ရမ်းတာဗျ။ ရွာကလူတွေကတော့ လွတ်အောင်ရှောင်ရတယ်။ လောလောဆယ် နေအိမ် ၄ လုံး မီးရှို့ခံထားရတယ်။ ချိုင်းကြီးရွာဘုန်းကြီးကျောင်း တောင်ဘက်မှာလည်း စစ်ကား ၃ စီး ထပ်ရောက်နေတယ်။”

အောက်တိုဘာ ၁၈ ရက် ည ၁၀ နာရီလောက်ကလည်း ဆားတောင်မြို့ဘက်ကို ဦးတည်ထွက်ခွာလာတဲ့ စစ်ကိုင်းမြို့အခြေစိုက် တပ်မ ၃၃ မှ စစ်ကား နှစ်စီးဟာ ဒေသကာကွယ်ရေးတပ်ဖွဲ့တွေရဲ့ မိုင်းဆွဲတိုက်ခိုက်ခံခဲ့ရပြီး ကားတွေထိုးရပ်သွားပြီးနောက် ဘေးပတ်ဝန်းကျင်ကို ရမ်းသန်းပစ်ခတ်ခဲ့ပါတယ်။

လက်ရှိမှာတော့ ချိုင်းကြီးကျေးရွာရောက်ရှိနေတဲ့ စစ်ကောင်စီတပ်ဖွဲ့ဝင်တွေဟာ ကျေးရွာဘုန်းကြီးကျောင်းတောင်ဘက်မှာ ဖြတ်သန်းသွားလာနေတဲ့ ပြည်သူတွေကို စစ်ဆေး နေပါတယ်။

စစ်ကိုင်းတိုင်း၊ ကသာခရိုင်၊ အင်းတော်မြို့နယ်မှာ အောက်တိုဘာ ၁၈ ရက် ညနေ ၃ နာရီလောက်က စစ်ကောင်စီတပ်နဲ့ KIA-PDF ပူးပေါင်းအဖွဲ့တို့ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး နှစ်ဖက်တိုက်ပွဲ ပြင်းထန်ခဲ့တယ်လို့ ဒေသခံတွေက ပြောပါတယ်။

အဲဒီတိုက်ပွဲမှာ စစ်ကောင်စီဘက်က လေကြောင်းကနေ ပစ်ကူပေးခဲ့သလို လေကြောင်းပစ်ကူကြောင့် ဒေသခံအမျိုးသမီးတယောက် လေယာဉ်ဗုံးဆန် အပိုင်းအစ ထိမှန်ဒဏ်ရာ ရရှိခဲ့ပြီး တခြားထိခိုက်ပျက်စီးမှု အခြေအနေကို မသိရသေးဘူးလို့ ဆိုပါတယ်။

အောင်းကုန်းကျေးရွာအနီး တောတွင်းတနေရာမှာ နှစ်ဖက်တိုက်ပွဲဖြစ်ပွားခဲ့တာဖြစ်ပြီး PDF ပူးပေါင်းအဖွဲ့ဘက်က ရဲဘော် ၂ ယောက် ထိခိုက်ဒဏ်ရာရရှိခဲ့ကာ စစ်ကောင်စီဘက်က ထိခိုက်မှုအခြေအနေကိုတော့ မသိရသေးဘူးလို့ PDF အဖွဲ့နဲ့ နီးစပ်သူတယောက်က ပြောပါတယ်။

တိုက်ပွဲကြောင့် အောင်းကုန်း၊ တုံးတော်၊ နံ့သာ စတဲ့ ကျေးရွာနေပြည်သူတွေဟာ နေအိမ်တွေမှာ မနေရဲဘဲ အိုးအိမ်စွန့်ခွာ ထွက်ပြေးနေကြရသလို စစ်ရေးအခြေအနေလည်း တင်းမာနေတယ်လို့ ဒေသခံတွေက ပြောပါတယ်။

အလားတူ စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ်မြောက်ပိုင်း၊ ကလေး-တမူး အာရှလမ်းမပေါ်ရှိ ၅၅ မိုင် အကျဉ်းစခန်းကတဆင့် ကားကြီး ၂ စီးနဲ့ ခြေလျင်စစ်ကြောင်းဖြန့်ပြီး ကလေးမြို့ဘက်ကို တက်လာတဲ့ စစ်ကောင်စီတပ် အင်အား ၇၀ လောက်ကို ကလေး PDF ပူးပေါင်းတပ်ဖွဲ့ဝင်တွေက ကံလှရွာ မြောက်ဘက်တံတားအနီးမှာ အောက်တိုဘာ ၁၇ ရက် မနက် ၇ နာရီဝန်းကျင်က ကြားဖြတ်တိုက်ခိုက်ခဲ့ကြတယ်လို့ သိရပါတယ်။

အဲ့ဒီနောက် နောက်ချန်လိုက်ပါလာတဲ့ စစ်ကောင်စီ ခြေလျင်စစ်ကြောင်းကို မနက် ၁၀ နာရီလောက်က မြလေးတောင်ဘုရားအနီးမှာ ကလေး PDF တပ်ဖွဲ့ဝင်တွေက ထပ်မံ မိုင်းဆွဲတိုက်ခိုက်ခဲ့တယ်လို့ ကလေး PDF တပ်ဖွဲ့ဝင်တယောက်က ပြောပါတယ်။

"တိုက်ပွဲကတော့ ပြင်းထန်ခဲ့တယ်။ အဲ့တိုက်ပွဲမှာ သူတို့ဘက်က ၃ ယောက်ကျပြီး ၁ ယောက် ဒဏ်ရာရတယ်လို့ ကျနော်တို့ စုံစမ်းချက်အရ သိရတယ်။ ကျနော်တို့ဘက်က ကလေး PDF တပ်ဖွဲ့ဝင်တဦး လက်နက်ကြီးထိမှန် ဒဏ်ရာရခဲ့တယ်။"

အဆိုပါတိုက်ပွဲမှာ စစ်ကောင်စီဘက်က ၃ ယောက်ကျဆုံးပြီး ၁ ယောက် ဒဏ်ရာရတယ်လို့ ကလေး PDF ဘက်က ထုတ်ပြန်ပြောဆိုထားပြီး စစ်ကောင်စီအနေနဲ့ သတင်းထုတ်ပြန်ထားတာတော့ မတွေ့ရသေးပါဘူး။

ကလေးမြို့နယ်ကို စစ်ကောင်စီတပ်သားတွေက အင်တာနက်လိုင်းတွေ ဖြတ်တောက်ထားပြီး သတင်းအမှောင်ချထားတာ ၈ လဝန်းကျင်ရှိနေပြီလည်း ဖြစ်ပါတယ်။

https://burmese.dvb.no/archives/559788

---------------------------------------------------------------------------------------

## စစ်ကောင်စီတပ် ဝင်ရောက်လာလို့ ယင်းမာပင်နဲ့ ပုလဲနယ်အစပ်က ဒေသခံတွေ ထွက်ပြေးနေရ

2022.10.19



စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့နယ်၊ ကပိုင်ရွာနှင့် သီးကုန်းရွာမှ ပြည်သူတွေ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့က ဘေးလွတ်ရာကို ထွက်ပြေးနေကြစဉ်။ Photo: Citizen Journalist

စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့နယ်နဲ့ ပုလဲမြို့နယ်အစပ်က ရင်ပေါင်တိုင်၊ ပုထိုးသာနဲ့ ပျားအုံရွာတွေကို ဒီနေ့ မနက် ၁၀ နာရီလောက်ကနေစပြီး စစ်ကောင်စီတပ်သားတွေ ဝင်ရောက်စီးနင်းခဲ့တာကြောင့် ဒေသခံအချို့ ထိခိုက်ဒဏ်ရာရခဲ့ပြီး ပိတ်မိနေသူတွေရှိသလို ကျန်အားလုံးကတော့ ဘေးလွတ်ရာကို ထွက်ပြေးတိမ်းရှောင် နေရတယ်လို့ ဒေသခံတွေက ပြောပါတယ်။

ယင်းမာပင်နဲ့ ပုလဲနယ်က ဒေသခံတွေဟာ လေကြောင်းပစ်ခတ်မှုရော ရဟတ်ယာဉ် အုပ်လိုက်ကြီးပါ ရောက်လာတာကြောင့် ကြောက်လန့်ပြီး ဘေးလွတ်ရာ ထွက်ပြေး နေရတယ်လို့ ပုလဲဒေသခံ ကိုဇော်ဇော်က RFA ကို ပြောပါတယ်။

"ပြည်သူ သုံးယောက် ဒဏ်ရာရတယ်။ လေယာဉ်ပေါ်က ပစ်တဲ့ကျည်မှန်တယ်လို့ ယူဆရတယ်။ ဘယ်ရွာကမှန်းတော့ မသိရသေးဘူး။ ပြည်သူတွေက ရွာတွေဘက်ဆီ ပြန်မကပ်ရဲသေးဘူး။ ဒဏ်ရာရတာ ဘယ်သူတွေလဲဆိုတာ မကွဲသေးဘူး"

ဘာတိုက်ပွဲမှမရှိဘဲ အခုလို ဝင်ရောက်တိုက်ခိုက်တာဖြစ်ပြီး ထွက်ပြေးလွတ်မြောက်သူတွေ ရှိသလို ပိတ်မိနေသူတွေလည်း အများကြီး ရှိသေးတယ်လို့ ဒေသခံတွေ ပြောပါတယ်။

အောက်တိုဘာလ ၁၉ ရက် ဒီနေ့မနက်ပိုင်း စစ်ကောင်စီတပ်က ဂျက်တိုက်လေယာဉ် နှစ်စီးနဲ့ ရွာတွေကို ပစ်ခတ်ခဲ့ပြီး စစ်ရဟတ်ယာဉ်နှစ်စီးနဲ့ စစ်သားတွေကို လေးခေါက်တိတိ လာချပေးသွားတာလို့ ပုလဲ ပြည်သူ့ကာကွယ်ရေးတပ်၊ တပ်ရင်း ၁၃ တာဝန်ခံ ဗိုလ်လှျပ်စီးက RFA ကို ပြောပါတယ်။

"ဂျက်ဖိုက်တာ နှစ်စီးနဲ့ ပစ်တယ်။ ပုထိုးသာ၊ ရင်ပေါင်တိုင် ပတ်ပတ်လည်ကို နှစ်မိုင်လောက် အကွာကနေပြီးတော့ ပစ်ပေးနေတာ။ အဲဒီပစ်ပေးနေတုန်း ရိုးရိုးနှစ်စီးက လူကို လေးခေါက် လာချတယ်။ ရင်ပေါင်တိုင်နောက်ဘက်က ပျားအုံရွာထဲမှာဆိုရင် ဘုန်းကြီးကျောင်းမှာကို လူနှစ်ရာလောက် ပိတ်မိနေတယ်။ ရွာထဲမှာ စစ်သားတွေ အခုချိန်ထိ ရှိနေသေးတယ်။ ရင်ပေါင်တိုင်၊ ပုထိုးသာနဲ့ ပျားအုံရွာတွေထဲမှာ ရှိနေတုန်းပဲ"

ဒီပြောဆိုမှုတွေနဲ့ ပတ်သက်ပြီး RFA အနေနဲ့ သီးခြားအတည်ပြုနိုင်ခြင်း မရှိသေးပါဘူး။

ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လကလည်း ချင်းပြည်နယ်က CDF တပ်ဖွဲ့ဝင်တွေ ယင်းမာပင် မြို့နယ်၊ ရင်ပေါင်တိုင်ရွာမှာ ရောက်နေတယ်ဆိုတဲ့ သတင်းကြောင့် စစ်ကောင်စီတပ်က လေကြောင်း၊ ကြည်းကြောင်းနဲ့ပါ ရွာကို ပစ်ခတ်တိုက်ခိုက်ခဲ့ပါတယ်။

သုံးရက်ဆက်တိုက် ရွာထဲမှာ တပ်စွဲခဲ့သလို လေကြောင်းကနေပါ ပစ်ခတ်ပြီးနောက် စစ်ကြောင်း ပြန်ထွက်သွားချိန်မှာ ရွာသား စုစုပေါင်း ၁၇ ဦးရဲ့ ရုပ်အလောင်းတွေကို တွေ့ရှိခဲ့ပါတယ်။

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အသင်း (AAPP) ရဲ့ အောက်တိုဘာလ ၁၈ ရက်နေ့ ထုတ်ပြန်ချက်အရ စစ်အာဏာသိမ်းမှုနောက်ပိုင်း သေဆုံးခဲ့ရတဲ့ ပြည်သူ စုစုပေါင်းမှာ ၂၃၆၇ ဦးရှိပြီ ဖြစ်ပါတယ်။

https://www.rfa.org/burmese/news/yinmarbin-pale-locals-flee-10192022060651.html

------------------------------------------------------------------------------------

## ယင်းမာပင်မြို့နယ်တွင် စစ်ကောင်စီတပ်က စစ်ဘေးရှောင်ပြည်သူ ၂၇ ဦးအား ဖမ်းဆီး၊ အမျိုးသမီး၂ ဦး သေနတ်ဒဏ်ရာဖြင့် သေဆုံး

By မဇ္ဈိမ | 19 October 2022




မဇ္ဈိမ။ ။စစ်ကောင်စီတပ်က ယနေ့ အောက်တိုဘာလ ၁၉ ရက်နေ့ နံနက်ပိုင်းတွင် ရဟတ်ယာဉ်ခုနစ်စီးဖြင့် စစ်ကိုင်းတိုင်း ယင်းမာပင်နှင့် ပုလဲမြို့နယ်အစပ်ရှိ မြောက်ယမားဒေသတလျှောက်တွင် စစ်ကြောင်းထိုး ပစ်ခတ်မှုများပြုလုပ်ခဲ့ပြီး အင်အား ၂၀၀ ခန့်အား ရင်ပေါင်တိုင်ကျေးရွာအတွင်း ချထားခဲ့ကြောင်းသိရ သည်။

ထို့ပြင် ယင်းမာပင်မြို့နယ် ပျားအိုကျေးရွာ၌ စစ်ဘေးရှောင်နေသော ပြည်သူများအားစစ်ကောင်စီမှ အောက်တိုဘာလ ၁၉ ရက်နေ့ နံနက် ၁၀ နာရီ ၃၀ မိနစ်ခန့်က ဝင်ရောက်ဖမ်းဆီးမှုများ ပြုလုပ်ခဲ့ကြောင်း လည်း သိရသည်။

“ဒီမနက်လာပစ်တော့ ပြည်သူတွေက ပျားရည်အိုရွာဘုန်းကြီးကျောင်းမှာ စစ်ဘေးလာရှောင်ကြတယ်။ လူ ၂၀၀ လောက်တော့ ရှိမယ်။ အဲဒါကို စစ်ကောင်စီတပ်က ရွာကိုဝင်စီးပြီး စစ်ဘေးရှောင် အမျိုးသား ၂၇ ဦးကို ဖမ်းသွားတယ်။ သေနတ်နဲ့ပစ်တော့ နှစ်ယောက်ထိပြီး ဒဏ်ရာရတယ်။ အမျိုးသမီးနှစ်ဦးက သေနတ် ဒဏ်ရာနဲ့ ဆုံးသွားတယ်။ ရွာကဘုန်းကြီးတွေကိုလည်း သေနတ်တွေနဲ့ချိန်တယ်”ဟု ပျားအိုကျေးရွာနေ ဒေသခံတစ်ဦးက ပြောသည်။

စစ်ကောင်စီတပ်က စစ်ဘေးရှောင်အမျိုးသား ၂၇ ဦးအား ဖမ်းဆီးခေါ်ဆောင်သွားပြီး သေနတ်ဖြင့်ပစ်ခတ် မှုကြောင့် အမျိုးသမီးနှစ်ဦးသေဆုံးကာ နှစ်ဦးဒဏ်ရာရရှိကြောင်းနှင့် ကျေးရွာအတွင်းမှ ရွှေ၊ ငွေနှင့် ဖုန်း များယူဆောင်သွားပြီး တန်ဖိုးငွေသိန်း ၁၅၀ ခန့်ရှိကြောင်းသိရသည်။

ယင်းမာပင်နှင့် ပုလဲမြို့နယ်အစပ်တွင် ရဟတ်ယာဉ်ခုနစ်စီးဖြင့် စစ်ကောင်စီတပ်ကအကြောင်းမဲ့ စစ်ကြောင်းထိုးပစ်ခတ်မှုကြောင့် ကျေးရွာ ၁၀ ရွာခန့် စစ်ဘေးရှောင်နေရကြောင်း သိရသည်။

https://www.mizzimaburmese.com/article/117470

--------------------------------------------------------------------------------

## မတ္တရာမြို့ စစ်တပ်ခန့်အုပ်ကြီးကို ပကဖပူးပေါင်းအဖွဲ့က ရှင်းလင်းပြီး သေနတ်သိမ်းယူ၊ အလောင်းလာကြည့်သည့် စစ်ကား မိုင်းဆွဲခံရ

By မဇ္ဈိမ | 19 October 2022

မတ္တရာမြို့နယ်၊ အုတ်ဖိုရွာသစ်က စစ်ကောင်စီခန့်ကျေးရွာအုပ်ချုပ်ရေးမှူး အောင်ဂင်းကြီးဆိုသူကို၊ ပြည်သူ့ကာကွယ်ရေးအဖွဲ့များပူးပေါင်းပြီး၊ ယနေ့နံနက်ပိုင်းတွင် သုတ်သင်ရှင်းလင်းကာ ၎င်းကိုင်သည့် သေနတ်တစ်လက်ကိုပါ သိမ်းဆည်းသွားကြောင်း သတင်းရရှိသည်။



ယနေ့ အောက်တိုဘာ ၁၉ ရက် နံနက် ၆ နာရီခွဲအချိန်ခန့်တွင်၊ သုတ်သင်ရှင်းလင်းခဲ့ ခြင်းဖြစ်ကြောင်း ပူးပေါင်း အဖွဲ့ကသတင်းထုတ်ပြန်ထားပြီး၊ ပြည်သူကို ဖမ်းဆီးငွေညှစ်ကာ စစ်ကောင်စီကို ထောက်ပံ့နေတာကြောင့် ရှင်းလင်းခဲ့ ခြင်းဖြစ်ကြောင်း ပူးပေါင်းအဖွဲ့၌ပါဝင်သည့် နဂါးညီနောင်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က ဆိုသည်။

"မန္တလေးတိုင်း မတ္တရာမြို့နယ် စကားပင်ကျေးရွာအုပ်စု၊ အုတ်ဖိုရွာသစ်ကျေးရွာရှိ အကြမ်းဖက်စစ်ကောင်စီခန့် အုပ်ချုပ်ရေးမှူးအောင်ဂင်းကြီးဆိုသူသည်၊ စစ်ဒေါက်တိုင်ရဲများနှင့် ပူးပေါင်းကာ ပြည်သူကိုမတရားဖမ်းဆီးနှိပ်စက် ခြိမ်းခြောက်ငွေညှစ်နေပါသဖြင့်၊ ကျွန်တော်တို့နဂါးညီနောင်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့၊ နတ်ဆိုးမြေ အောက်တော်လှန်ရေးတပ်ဖွဲ့၊ MDY PDF(Mongoose Squadron) တပ်ခွဲတို့မှပူးပေါင်း၍၊ ယနေ့ ၁၉.၁၀.၂၀၂၂ရက်နေ့ နံနက် ၆ နာရီ ၃၀ မိနစ်အချိန်ခန့်တွင်၊ စစ်ထောက်တိုင်အောင်ဂင်းကြီးအား ငရဲသို့ပို့ဆောင်ပေးခဲ့ပါသည်။ ၎င်းထံမှ လက်လုပ်ပွိုင့် 22 တစ်လက်နှင့် ကျည်လေးတောင့်သိမ်းဆည်းရမိခဲ့ကြောင်း" ဟူ၍ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့နောက် နံနက် ၁၀ နာရီခန့်တွင်၊ အလောင်းလာကြည့်သည့် စစ်သားများစီးလာသည့် ကားကိုလည်း၊ ဈေးသစ်ရွာနှင့် တံတားကုန်းရွာကြား၌ ပဒေသာမိုင်းလေးလုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ရာ၊ စစ်ကောင်စီဘက်ကနစ်ယောက်သေပြီး ဒဏ်ရာရသူအများ အပြားရှိကြောင်းလည်း ထုတ်ပြန်ထားသည်။

မတ္တရာမြို့နယ်တွင် ယမန်နေ့ကလည်း၊ စစ်ကောင်စီ၏ထောက်ပို့ယာဉ် မိုင်းဆွဲတိုက်ခိုက်ခံရပြီး၊ စစ်ကောင်စီဘက်က အသေအပျောက်ရှိခဲ့ကြောင်း သိရသည်။

https://www.mizzimaburmese.com/article/117485

--------------------------------------------------------------------------------

## စစ်ကောင်စီတပ်ကို ၂ နှစ်အတွင်း အပြီးတိုင်ချေမှုန်းမည်ဟု ကော်ဘရာစစ်ကြောင်းမှူး ဗိုလ်ကြီးဒါဘော ပြော

By မဇ္ဈိမ | 19 October 2022

ကော်သူးလေ(မဇ္ဈိမ)။ ။အကြမ်းဖက်စစ်ကောင်စီတပ်အား နှစ် နှစ်အတွင်း အပြီးတိုင်ချေမှုန်းသွားမည်ဖြစ်ကြောင်း ရှေ့တန်းမြေပြင်တွင် စစ်ကောင်စီတပ်အား ရင်ဆိုင်တိုက်ခိုက်နေသည့် ကော်ဘရာစစ်ကြောင်းမှူး ဗိုလ်ကြီးဒါဘောက မဇ္ဈိမကိုဖြေကြားသည်။

ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) ၏ တပ်ရင်း (၂၇) လက်အောက်ခံ ကော်ဘရာစစ်ကြောင်းသည် စစ်ကောင်စီတပ်၏ အရေးပါသည့် စခန်းကုန်းများအား ဆက်တိုက်သိမ်းဆည်းထားနိုင်သည့် အင်အားကောင်းသော စစ်ကြောင်းဖြစ်သည်။

လက်ရှိအချိန်တွင် ကော်ဘရာစစ်ကြောင်းနှင့်ပူးပေါင်းတပ်ဖွဲ့များသည် စစ်ကောင်စီတပ်၏ တပ်မ တစ်မ တပ်ရင်း (၁၀) ရင်းအား ရင်ဆိုင်တိုက်ခိုက်နေရပြီး မြေပြင်တွင် စစ်ကောင်စီတပ်ကို အသာစီးရယူထားနိုင်ကြောင်း ဗိုလ်ကြီးဒါဘောက ပြောသည်။

စစ်ကောင်စီတပ်ဘက်မှလည်း ကော်ဘရာစစ်ကြောင်းတပ်ဖွဲ့များနှင့် ရင်ဆိုင်တိုက်ပွဲများဖြစ်ပွားတိုင်း လေကြောင်းပစ်ကူများအလွန်အကျူးအသုံးပြုသည်ကိုတွေ့ရသည်။

ကော်ဘရာစစ်ကြောင်းအား ဦးဆောင်နေသော စစ်ကြောင်းမှူး ဗိုလ်ကြီးဒါဘော၏ မြေပြင်အခြေအနေပြောကြားချက်၊ ပြည်သူသို့ပန်ကြားချက်နှင့် မြေပြင်ရဲဘော်များအခြေအနေကို ပြောပြထားသည်။

https://mizzimaburmese.com/article/117451

--------------------------------------------------------------------------------

## ညောင်ချောင်းရွာ တိုက်ပွဲ၌ တပ်မ ၄၄ ဗျူဟာမှူး သေဆုံးဟု KNU ပြော

By ဧရာဝတီ | 19 October 2022

ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ဖလူး- ဝေါလေ လမ်းပိုင်းတွင် စစ်ဆင်ရေးလုပ်နေသော စစ်ကောင်စီ တပ်မ ၄၄ ၏ ဗျူဟာမှူး တဦးသည် ယနေ့ မနက် ထိတွေ့တိုက်ပွဲအတွင်း သေဆုံးသွားကြောင်း ကရင်အမျိုးသား အစည်းအရုံး (KNU) တပ်မဟာ ၆ မှ တာဝန်ရှိသူတဦးထံမှ သိရသည်။

သေဆုံးသူမှာ တပ်မ ၄၄မှ ဗျူဟာမှူး ဗိုလ်မှူးကြီး ဝင်းမင်းဦး ဆိုသူ ဖြစ်ပြီး၊ ယနေ့နံနက်က ဖြစ်ပွားသည့် ဝေါလေနှင့် သေဘောဘိုးကြား ကျောက်ခက်ရွာ အထက်ရှိ ညောင်ချောင်းကျေးရွာ (ခလက်ကလိုး) တိုက်ပွဲတွင် စနိုက်ပါဖြင့် ပစ်ခတ်ခံရမှုကြောင့် ဖြစ်ကြောင်း သိရသည်။

ထိုသို့ စစ်ကောင်စီတပ်မှ ဗျူဟာမှူး သေဆုံးသည့် သတင်းနှင့် ပတ်သက်၍ အသေးစိတ်သိရှိနိုင်ရန် ဧရာဝတီက စုံစမ်းအတည်ပြုနေဆဲ ဖြစ်သည်။

ယခုနှစ် ဇူလိုင်လဆန်းကစ၍ သေဘောဘိုးစခန်း ပြန်လည်ရရှိရေး ထိုးစစ်ဆင်လာသည့် တပ်မ ၄၄ လက်အောက်ခံ တပ်ရင်းများအား ကရင် အမျိုးသား လွတ်မြောက်ရေး တပ်မတော် (KNLA) ပူးပေါင်းအဖွဲ့ Cobra စစ်ကြောင်းနှင့် မဟာမိတ် တို့ကြား မကြာခဏ တိုက်ပွဲ ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီဘက်က အထိအခိုက် အကျအဆုံး များသလို သုံးလကျော်ကြာသည့် အထိ သေဘောဘိုး စခန်းအား ပြန်လည် တိုက်ခိုက် သိမ်းပိုက်နိုင်ခြင်း မရှိသေးပေ။

အဆိုပါ သေဘောဘိုးစခန်းအား သုံးလအတွင်း ပြန်လည်ရရှိရေး စစ်ကောင်စီဘက်မှ တပ်မ ၄၄ နှင့်စကခ (စစ်ဆင်ရေး ကွပ်ကဲမှု ဌာနချုပ်) ၁၃ စသည့် တပ်မ တို့ပေါင်း၍ ထိုးစစ်ဆင် တိုက်ခိုက်နေခြင်း ဖြစ်သည်။

စစ်ကောင်စီတပ်ဘက်မှ ထိုးစစ်ဆင် တိုက်ခိုက်နေသော်လည်း အကျအဆုံး များခြင်း၊ ရှေ့တန်းနယ်မြေမှ စစ်သားများ CDM ပြုလုပ်သူ များနေခြင်း တို့ကြောင့် သုံးလအတွင်း သေဘောဘိုး စခန်းအား ပြန်လည် သိမ်းပိုက်နိုင်ခြင်းမရှိ ဖြစ်နေသည်။

ထို့ပြင် စက်တင်ဘာ ၉ ရက်က စစ်ကောင်စီတပ်မ ၄၄ လက်အောက်ခံ ခမရ ၁၀၂ မှ ဗိုလ်ကြီး ရဲရင့်မောင် ဦးဆောင်၍ လက်နက်ခဲယမ်းများစွာ ပို့ဆောင်ပေးသည့် ကားနှစ်စီးအား ကော်ဘရာစစ်ကြောင်းမှ သိမ်းပိုက်ရရှိခဲ့ပြီး ထိုဖြစ်စဉ်ကြောင့် တပ်မ ၄၄ တပ်မမှူး ဗိုလ်မှူးကြီး တင်မိုးနိုင်အား နေပြည်တော်သို့ ခေါ်ယူ စစ်ဆေးခဲ့ပြီး စစ်ဘက်ရာထူးမှ အနားပေးခံခဲ့ ရသည်။

အဆိုပါ တပ်မဟာ ၆ နယ်မြေအတွင်း တိုက်ပွဲများဖြစ်ပွားနေမှုကြောင့်ှ မြဝတီ အာရှလမ်းမပေါ်တွင်လည်း ယာဉ်များ ရှေ့ဆက်သွားမရဘဲ စောင့်ဆိုင်းနေရကာ ယာဉ်အစီးရေ ရာနှင့်ချီ ပိတ်ဆို့နေကြောင်း သိရသည်။

https://burma.irrawaddy.com/news/short-news/2022/10/19/255386.html

--------------------------------------------------------------------------------------

## စစ်ကောင်စီတပ်မှ ဗျူဟာမှူး ဗိုလ်မှူးကြီး ၁ ဦး KNLA လက်ဖြောင့်တပ်သားလက်ချက်ဖြင့် သေဆုံး

Published By DVB | 19 October, 2022



ကရင်ပြည်နယ်၊ မြဝတီမြို့နယ်မှာ အောက်တိုဘာ ၁၉ ရက်က စစ်ကောင်စီတပ်မှ ဗျူဟာမှူး ဗိုလ်မှူးကြီးတယောက် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် KNLA စနိုက်ပါ လက်ဖြောင့်တပ်သား လက်ချက်နဲ့ သေဆုံးသွားတယ်လို့ KNLA တပ်ဖွဲ့ထံကသိရပါတယ်။

မြဝတီမြို့တောင်ဘက် ညောင်ချောင်း(ခ)ခလဲ့ကလိုးအနီး ဒီနေ့မနက် ကျူးကျော်ထိုးစစ်ပြုလာတဲ့ စစ်ကောင်စီတပ်ကို KNLA ပူးပေါင်းတပ်ဖွဲ့က စနိုက်ပါနဲ့ ပစ်ခတ်ကာ စစ်ကောင်စီ တပ်မ ၄၄ ၊ ဗျူဟာ ၁ ဗျူဟာမှူး ဗိုလ်မှူးကြီးဝင်းမင်းဦးကို ရှင်းလင်းနိုင်ခဲ့တာလို့ စစ်မြေပြင် ရှေ့တန်းထွက်နေတဲ့ KNLA တပ်ဖွဲ့ဝင်က ပြောပါတယ်။

ကော့ကရိတ်မြို့အရှေ့ဘက် နှစ်မိုင်လောက်အကွာမှာလည်း စစ်ကောင်စီတပ်နဲ့ KNLA ပူးပေါင်းတပ်တွေ တိုက်ပွဲဖြစ်ပွားရာမှာ ကော့ကရိတ်မြို့ရှိ နေပူခံကုန်းကနေ စစ်တပ်က လက်နက်ကြီးနဲ့ ပစ်ခတ်လို့ ခရီးသည်ယာဉ်တန်းတွေ ထိမှန်ကာ ကားမှန်တွေ ကွဲသွားတာရှိတယ်လို့လည်း ခရီးသည်တွေထံက သိရပါတယ်။

လတ်တလော မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီးမှာ သွားလာနေတဲ့ မော်ယာဉ်ငယ်တွေနဲ့ ကုန်တင်ယာဉ်အကြီးတွေကို သွားလာခွင့်မပေးဘဲ ယာယီလမ်းပိတ်ထားပြီး စစ်ကောင်စီတပ်တွေ ကင်းလှည့်နေတယ်လို့ သိရပါတယ်။

မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီးကို ခရီးသည်တင်ယာဉ်နဲ့ ယာဉ်ငယ် ယာဉ်ကြီးတွေ မသွားလာနိုင်ဖို့ အောက်တိုဘာ ၁၈ ရက် ညနေ ၃ နာရီမှာ ပိတ်လိုက်ပြီလို့ KNLA တပ်မှူးတစ်ဦးက အတည်ပြုပြောပါတယ်။

မြဝတီမြို့တောင်ဘက် စစ်ဘေးရှောင် ပြန်လည်နေရာချထားရေးနဲ့ ငြိမ်းချမ်းရေးအထိမ်းအမှတ် မြို့သစ်တည်ထားတဲ့ လေးကေ့ကော်မြို့သစ်ကို စစ်ကောင်စီတပ်တွေက စတင်ကျူးကျော်ဝင်ရောက်ပြီးနောက် ဒီဒေသတွင်းမှာ တိုက်ပွဲတွေဖြစ်ပွားနေတာပါ။

လတ်တလော စစ်ကောင်စီတပ်တွေက မြဝတီမြို့နဲ့ ဝေါလေမြိုင်အထိ နယ်မြေကျူးကျော် စိုးမိုး နေရာယူဖို့ ကြိုးစားနေရာမှာ ဒေသခံ KNLA ပူးပေါင်းတပ်တွေနဲ့ နေ့စဉ်လိုလို တိုက်ပွဲတွေ ဖြစ်ပွားနေတာပါ။

တိုက်ပွဲတွေအတွင်း စစ်ကောင်စီဘက်က သေဆုံးတာ၊ ထွက်ပြေးတာ၊ စစ်သုံ့ပန်းအဖြစ် ဖမ်းဆီးခံရတာတွေလည်း မကြာခဏရှိနေပါတယ်။

https://burmese.dvb.no/archives/559755

---------------------------------------------------------------------------------------

## မြဝတီ–ကော့ကရိတ်အာရှလမ်းမပေါ် တိုက်ပွဲဖြစ်ပွား၍ ကားများ ပိတ်မိနေ

**အောက်တိုဘာလ ၁၉ ရက်၊ ၂၀၂၂ ခုနှစ်။ ကေအိုင်စီ**

ကရင်ပြည်နယ် မြဝတီ-ကော့ကရိတ် အာရှလမ်းမပေါ်တွင် ယမန်နေ့ အောက်တိုဘာလ ၁၈ ရက် ညနေ (၃) နာရီ အချိန်တွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)ပူးပေါင်းတပ်ဖွဲ့များနှင့် စစ်ကောင်စီတပ်များ နှစ်ဖက်တိုက်ပွဲ ပြင်းထန်နေသောကြောင့် ခရီးသွားကားများ ပိတ်မိလျက်ရှိနေသည်ဟု ယာဉ်မောင်းများက ပြောသည်။



Photo: CJ

မြဝတီ-ကော့ကရိတ်အာရှလမ်း တောနော်ရေတံခွန်အနီးတွင် စစ်ကောင်စီ တပ်များနှင့် KNLA ပူပေါင်းတပ်ဖွဲ့များ ယနေ့ညနေအထိ တိုက်ပွဲများ ဖြစ်ပွားနေသောကြောင့် ကုန်တင်ကားများ၊ ခရီးသယ်ယာဥ်များ စသည့် ကားများသည် သဃ်္ခန်းညီနောင်အဝင်နှင့် ကော့ကရိတ်မြို့အဝင်ဘက်တွင် ကားများပိတ်မိနေခြင်းဖြစ်သည်ဟု ယာဥ်မောင်းများက ပြောသည်။

"မနေ့ညနေ (၃)နာရီကတည်းက စပိတ်လိုက်တာ။ ဦးတို့ပြန်ဆင်းလာတာတောင် ကျုံ့ဒိုးကျော်ကျော်ပဲ ရောက်သေးတယ်။ တောနော်ရေတံခွန်နားမှာ တောက်လျှောက်ပဲ ပစ်နေတာ။ သဃ်္ခန်းညီနောင်ထိပ်ကနေ ကော့ကရိတ်အဝင်ဘက်မှာ ပိတ်ထားတာ။ တိုက်ပွဲက အခုထိဖြစ်နေတယ်။ ကားတွေကလည်း ပိတ်မိနေတာလေ။ ကုန်ကားတွေရော လိုင်းကားတွေရော အကုန်ပိတ်မိနေတာ"ဟု ပြောသည်။

မြဝတီ-ကော့ကရိတ်အာရှလမ်းမကြီးပေါ်တွင် စစ်ကောင်စီတပ်များနှင့် KNLA ပူးပေါင်းတပ်ဖွဲ့ဝင်များအကြား မကြာခဏ တိုက်ပွဲဖြစ်ပွားလျက်ရှိပြီး လက်ရှိဖြစ်ပေါ်နေသည့် တောနော် ရေတံခွန်အနီး တိုက်ပွဲတွင်လည်း နှစ်ဖက်ထိခိုက်ကျဆုံးမှု အသေးစိတ်ကိုမူ ကေအိုင်စီအနေဖြင့် သီးခြားအတည်ပြုနိုင်ခြင်းမရသေးပေ။

ပြီးခဲ့သည့် ဩဂုတ်လ (၁၈)ရက်နေ့တွင်လည်း အဆိုပါ အာရှလမ်းမပေါ်တွင် (KNLA)ပူးပေါင်းတပ်နှင့် စစ်ကောင်စီတပ်ဖွဲ့များအကြား တိုက်ပွဲဖြစ်ပွားသည့်အတွက် အာရှလမ်းကို ပိတ်ထားရသည့် အခြေအနေတစ်ရပ်ဖြစ်ပေါ်ခဲ့သေးသည်။

နောက်ဆုံးရရှိသည့် သတင်းအရ တိုက်ပွဲဖြစ်ပွားရာ မြဝတီ-ကော့ကရိတ်အာရှလမ်းပိုင်း တောနော်ရေတံခွန်အနီးရှိ တံတားမှာ လက်ရှိတွင်ကျိုးကျသွားပြီဟု သတင်းများ ထွက်ပေါ်လျက်ရှိနေသည်။

https://kicnews.org/2022/10/မြဝတီ-ကော့ကရိတ်အာရှလမ်/

------------------------------------------------------------------------------------------

## ရွှေကုက္ကိုလ်ဒေသကို လုံခြုံရေးတိုးမြှင့်လုပ်ဆောင်မည်ဟု BGF ခေါင်းဆောင်ပြော

**အောက်တိုဘာလ ၁၉ ရက် ၊ ၂၀၂၂ ခုနှစ်။ကေအိုင်စီ**




ကရင်ပြည်နယ်၊ မြဝတီမြို့တွင် ပြီးခဲ့သည့် ရက်ပိုင်းအတွင်း မကြာခဏ ဗုံးပေါက်ကွဲမှုဖြစ်ပေါ်နေသောကြောင့် ရွှေကုက္ကိုလ် ဒေသနယ်မြေအေးချမ်း လုံခြုံရေးအတွက် လုံခြုံရေးတိုးမြှင့်သွားမည်ဖြစ်ကြောင်း နယ်ခြားစောင့်တပ်(BGF)၏ ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့က အောက်တိုဘာလ ၁၇ ရက်နေ့ ရက်စွဲဖြင့် တခြားကရင်လက်နက်ကိုင်အဖွဲ့များသို့ ပေးပို့သည့် အသိပေး စာအရ သိရသည်။

BGF ၏ တပ်နယ်(၃) ဗဟိုအကြံ ပေးနှင့်ကွပ်ကဲရေးအဖွဲ့မှ အထွေထွေ အတွင်းရေးမှူး ဗိုလ်မှူးချုပ် စောချစ်သူမှ လက်မှတ်ရေးထိုးပြီး ကရင်အမျိုးသားအစည်းအရုံး-KNU/ KNLA-PC (ငြိမ်းချမ်းရေးကောင်စီ)၊ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်(KNLA တပ်ရင်း (၁၀၁)နှင့် ကရင်အမျိုးသားကာကွယ်ရေးတပ်မတော်

(KNDO)(တပ်ရင်း ၅)သို့ လိပ်မူ၍ ပေးပို့သည့်စာတွင် ဖုံးပေါက်ကွဲမှုများ ဆက်လက်မဖြစ်ပွားစေရန် အဓိက စစ်ဆေးမှုများပြုလုပ်မှာဖြစ်ပြီး နယ်မြေအတွင်း သွားလာဖြတ်သန်းမည်ဆိုလျှင် အသိပေးအကြောင်းကြားပြီး သွားလာရန် ထုတ်ပြန်ထားသည်။

ဗိုလ်မှူးချုပ် စောချစ်သူက "မြဝတီမှာက ပေါက်ကွဲမှုတွေက အမြဲဖြစ်နေတယ်လေ။ ရှေ့ဆက်ပြီးပေါက်ကွဲမှု တွေမဖြစ်လာအောင် လုံခြုံရေးနည်းနည်း တင်းကြပ်တာဖြစ်တယ်ပေါ့နော်။ အဓိက ဒီ KNLA ပြီးရင် KNDO၊ PC အဲ့မှာ သွားဖို့လာဖို့ဆိုရင် အသိပေးအကြောင်းကြားပြီးမှာ ဖြတ်သန်းဖြတ်လာဖို့ ခေါ်ပြီးတွေ့တာလည်းရှိတယ်။ စာထုတ်ထား တာလည်းရှိတာပေါ့နော်။ အဓိကတော့ နယ်မြေလုံခြုံမှုပေါ့။ နယ်မြေလုံခြုံအေးချမ်းရေးအတွက်ကိုပဲ အဓိကရည်ရွယ်ပြီး အစစ်အဆေးလုပ်မှာဖြစ်တယ်"ဟု ကေအိုင်စီသို့ ပြောသည်။


ပဟိုအကြံပေးနှင့်ကွပ်ကဲရေးအဖွဲ့
နယ်ခြားစောင့်တပ်
(ကရင်ပြည်နယ်)

KNU/KNLA ပြီးချမ်းရေးကောင်စီ
KNLA ရင်း (၁၀၁)
KNDO တပ်ရင်း(၅)

ထို့နောက် မြဝတီမြို့မြောက်ဘက်ခြမ်းရှိ ရွှေကုက္ကိုလ်မြိုင်ကျေးရွာတွင်လည်း (BGF)တပ်ဖွဲ့ဝင်များက သဲပုံဂိတ်၊ ဖားစည်အဝိုင်းပတ်သည့်ဂိတ်၊ တံတားဂိတ်၊ နာရီစင်အဝိုင်းဂိတ် စသည့် ဂိတ်နေရာ (၄)ခုတွင်လည်း လုံခြုံရေးတိုးမြှင့် စစ်ဆေးမေးမြန်းမှုများ လုပ်ဆောင်နေကြောင်း ၎င်းက ဆက်ပြောသည်။

"အခု ရွှေကုက္ကိုလ်မှာဆိုရင် ဂိတ် ၄ ဂိတ် ချထားတယ်။ သဲပုံဂိတ်တစ်ဂိတ်ရယ်၊ ပြီးတော့ နာရီစဉ်အဝိုင်းဂိတ်တစ်ဂိတ်ရယ်၊ တံတားဂိတ်တစ်ဂိတ်၊ ဖားစည်အဝိုင်းပတ်တဲ့ဂိတ်တစ်ခု (၄)ခုချထားတာပေါ့။ မြဝတီတို့ညီနောင်တို့မပါဘူး။ အဲ့ဒီဘက် ကျတော့ အစိုးရရဲ့ယန္တရားရားလည်ပတ်မှုနဲ့ ရဲတွေကစစ်ဆေးမှာပေါ့နော်။ ကုက္ကိုလ်မှာကတော့ အဓိကပေါ့။ အဲ့ဒါကို စစ်ဆေးမေးမြန်းသွားဖို့ရှိတာပေါ့နော်။ အဲ့ဒါမှဒီပေါက်ကွဲမှုက ဘယ်အဖွဲ့က လုပ်တာလဲ ဘယ်ကလာ တာလဲသိမှာပေါ့ နော်"ဟု ဗိုလ်မှူးချုပ် စောချစ်သူက ဆက်ပြောသည်။

စစ်အာဏာသိမ်းပြီးသည့်နောက်ပိုင်း မြဝတီမြို့တွင် မကြာခဏဆိုသလို ဖုံးပေါက်ကွဲမှု ဖြစ်ပေါ်လေ့ရှိပြီး ပြီးခဲ့သည့် အောက်တိုဘာလ ၁၅ ရက်နေ့ကလည်း ထိုင်း-မြန်မာနယ်စပ် အမှတ် (၁) ချစ်ကြည်ရေးတံတားနားတွင် ပေါက်ကွဲမှု တစ်ခုဖြစ်ပေါ်ခဲ့သေးသည်။

https://kicnews.org/2022/10/ရွှေကုက္ကိုလ်ဒေသကို-လုံ/

---------------------------------------------------------------------------

## အမှည့်ခြွေ ခံနေရသည့် စစ်ကောင်စီတပ် လုံးပါးပါးလာပြီဟု KNU ပြောခွင့်ရပုဂ္ဂိုလ်ဆို

By မဇ္ဈိမ | 19 October 2022



အမှည့်ခြွေ ခံနေရသည့် စစ်ကောင်စီတပ် လုံးပါးပါးလာပြီဟု KNU ပြောခွင့်ရပုဂ္ဂိုလ် ပဒိုစောတောနီးက People spring နှင့် အင်တာဗျူးတွင် ပြောကြားသည်။

"ရှင်းရှင်းပြောရရင် ခပ်ရိုင်းရိုင်းပြောရမယ်ဆိုရင်တော့ ခွေးကထန်းလျက်ခဲလျက်သလိုပဲ တဖြည်းဖြည်းနဲ့ စစ်တပ်တွေက လုံးပါးပါးပြီး တစ်နေ့တခြား ကျွန်တော်တို့က အမှည့်ခြွေတယ်။ တစ်ဖက်က သူ့လူတွေ

ထွက်ပြေးတယ်ဆိုတော့ ကုန်ပြီလေ။ အဲဒီ သူတို့ တပ်မ သုံးခုက အသံကို မကြားရတော့တာ" ဟု ဖဒိုစောတောနီးက ပြောသည်။

စစ်ကောင်စီတပ်က ဒူးပလာယာခရိုင်အတွင်း တပ်မသုံးခုပေါင်း ထိုးစစ်ဆင်လာမှုတွင် ပါလာသည့်အရေအတွက်ကို ဥပမာပေးကာ ဖဒိုစောတောနီးက ပြောကြားခဲ့ခြင်းဖြစ်သည်။

"နောက်ဆုံး မိုးတွင်းမှာ သူမရှောင်ဘဲ ထိုးစစ်ဆင်လာတဲ့အခါ ဒူးပလာယာခရိုင် တပ်မဟာ(၆)ထဲ သူထိုးလာတဲ့အခါမှာ တပ်မ သုံးခုနဲ့ တခြားတပ်တွေပေါင်းလိုက်မှ သူတို့ အင်အားက တစ်ထောင်ကျော်လေးပဲရှိတယ်ဆိုတော့ ဘယ်လိုမှ အလုပ်မဖြစ်တော့ဘူးလေ" ဟု ၎င်းကဆက်ပြောသည်။

ထို့ပြင် တိုက်ပွဲများတွင်လည်း ယခင်က ဖမ်းမိခဲ့သည့် သုံ့ပန်းအရေအတွက်ထက် ပိုမိုများပြားလာကြောင်း ဖဒိုစောတောနီးက ဆက်ပြောသည်။

"စခန်း ဘယ်လောက်သိမ်းသလဲဆိုတော့ ကျွန်တော်တို့ အတိအကျပြောဖို့တော့ ခက်တယ်။ စခန်းက ဆယ်ဂဏန်း အထက်မှာပဲလေ။ မနေ့(အောက်တိုဘာ ၁၆ရက်)တုန်းကပဲ ဖြတ်တိုက်ခံရတာ သူ့စစ်ကြောင်းမှူးတွေကအစ အကုန်လုံး အလဲလဲ အကွဲကွဲနဲ့ ၂၈ နီးပါး အဖမ်းခံခဲ့ရတယ်။ အဲဒီလို ပွဲမျိုးက ထပ်ခါထပ်ခါ ဖြစ်လာတယ်။ ကျွန်တော်တို့ လက်ထဲမှာ အရင်က မရှိခဲ့ဖူးတဲ့ သုံ့ပန်းတွေ ဖမ်းနိုင်တဲ့ အရေအတွက်တွေက အရမ်းများလာတယ်။ ဒါတွေက လက်ရှိ ပကတိပဲ" ဟု ၎င်းကဆိုသည်။

KNU နှင့် တိုက်ပွဲ ဖြစ်ပွားမှုမှာ အာဏာမသိမ်းမီကတည်းက ဖြစ်ခဲ့ကြောင်း၊ အပစ်အခတ်ရပ်စဲရေးကို မြန်မာစစ်တပ်က ဂရုမစိုက်ဘဲ ဖောက်ဖျက်မှုများရှိသဖြင့် တိုက်ပွဲများ ဖြစ်ပွားခဲ့ကြောင်း KNU ပြောခွင့်ရပုဂ္ဂိုလ်က ဆက်ပြောသည်။

"အထူးသဖြင့်တပ်မဟာ(၃)နဲ့ တပ်မဟာ(၅)ထဲမှာ။ ဘာဖြစ်လို့လည်းဆိုရင်သူတို့က အပစ်အခတ်ရပ်စဲရေးကို လုံးဝ ဂရုမစိုက်ဘဲ မလိုက်နာဘဲ သဘောတူညီချက်ကို ဖောက်ဖျက်ပြီး ကားလမ်းတွေ ဖောက်လာကတည်းက တိုက်ပွဲတွေအများကြီး ဖြစ်နေပြီ။ ဒါပေမဲ့ ကျွန်တော်တို့ တတ်နိုင်သလောက် ထိန်းသိမ်းတယ်။ ဒါပေမယ့် နောက်ဆုံး လုံးဝ ဂရုမစိုက်ဘဲ စစ်အာဏာ ထသိမ်းတဲ့အခါ ကျွန်တော်တို့ နယ်မြေဒေသ အသီးသီးမှာ သူ့ကို ခံချပြီ" ဟု ၎င်းက ပြောသည်။

လတ်တလောတွင်လည်း KNU ထိန်းချုပ်နယ်မြေအတွင်း စစ်ကောင်စီတပ်နှင့် KNU အဖွဲ့၊ PDF တပ်ဖွဲ့များ တိုက်ပွဲများ မကြာခဏ ဖြစ်ပွားလျက်ရှိသည်။

https://mizzimaburmese.com/article/117443

--------------------------------------------------------------------------------

## ဆွေးနွေးမှုလုပ်မည်ဆိုပါက စစ်အာဏာရှင် ပြုတ်ကျရေး ဆွေးနွေးမှုကိုသာ လိုချင်သည်ဟု KNU ပြောခွင့်ရပုဂ္ဂိုလ်ပြော

By မဇ္ဈိမ | 19 October 2022

ဆွေးနွေးမှုလုပ်မည်ဆိုပါက စစ်အာဏာရှင် ပြုတ်ကျရေး ဆွေးနွေးမှုကိုသာ လိုချင်သည်ဟု KNU ပြောခွင့်ရ ပုဂ္ဂိုလ် ဖဒိုစောတောနီးက ပြောသည်။

RCSS က တိုင်းရင်းသားလက်နက်ကိုင်များနှင့် တွေ့ဆုံဆွေးနွေးလိုသည်ဟု ကြေညာထားခြင်းအပေါ် KNU ပြောခွင့်ရပုဂ္ဂိုလ်က People Spring မီဒီယာနှင့် တွေ့ဆုံစဉ် ပြောကြားထားခြင်း ဖြစ်သည်။




"ဒီနေ့ ဒီအချိန်ကာလမှာ ကျွန်တော်တို့နဲ့ ဆွေးနွေးမယ်ဆိုရင် စစ်အာဏာရှင်စနစ်ကို ကျဆုံးစေမယ့် ဆွေးနွေးမှုကိုပဲ ကျွန်တော်တို့လိုချင်တယ်။ ဒါကကျွန်တော်တို့ မူဝါဒ ထုတ်ပြောတာလည်း ရှင်းပြီးသားပါ" ဟု KNU ပြောခွင့်ရ ပုဂ္ဂိုလ်က ဆိုသည်။

လက်ရှိအခြေအနေများအရ ဖြစ်သင့်သည့်အခြေအနေမှာ ပြည်သူနှင့်အတူ လက်တွဲပြီး စစ်အာဏာရှင် ဖြုတ်ချရေးကိုသာ ပြုလုပ်ရမည်ဟု ဖဒိုစောတောနီးက ထောက်ပြသည်။

"တော်လှန်ရေးအဖွဲ့အစည်းတွေက နိုင်ငံရေးအလုပ်လုပ်နေတဲ့ သူတွေပဲလေ။ အဲဒါကြောင့်မို့လို့ နိုင်ငံရေးရဲ့အသွားအလာကို သိသင့်တာပေါ့။ ဒီလောက်ထိမှ နိုင်ငံရေးအသွားအလာက အဖြူလား အမဲလား မသိဘူးဆိုရင်တော့ ကျွန်တော်တို့က သိပ်ပြီးတော့ ရှင်းပြစရာမလိုဘူးလေ။ အဲဒါကြောင့် ကိုယ့်ရဲ့အဆင့်ကို ဖော်ပြတာပဲလို့နားလည်တယ်" ဟု ၎င်းကဆက်လက်ပြောကြားသည်။

ကရင်အဖွဲ့အစည်းများကြားတွင်လည်း ဆက်လက်ဆွေးနွေးရမည့်အဖွဲ့များရှိကြောင်း၊ အဓိကအချက်မှာ စစ်အာဏာရှင်နှင့် ပူးပေါင်းဆောင်ရွက်ခြင်း မရှိရန်ဖြစ်သည်ဟု ဖဒိုစောတောနီးက ပြောသည်။

"စစ်အာဏာရှင်တွေနဲ့ သွားပေါင်းနေသမျှ ကျွန်တော်တို့က ဆက်ပြီး အလုပ်လုပ်ဖို့ အရမ်းခက်တယ်။ ဒါကြောင့်မို့လို့ ကျွန်တော်ပြောချင်တာက ကျွန်တော်တို့နဲ့ ဆွေးနွေးမယ်ဆိုရင် ဘာသွား ဆွေးနွေးချင်တာလဲ။ စစ်အာဏာရှင်တွေနဲ့ သွားပြီး ဆွေးနွေးမယ့် အလုပ်မျိုးက ဘယ်လိုမှ အလုပ်မဖြစ်ဘူးဆိုတာ ကျွန်တော်တို့ ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား ပြောထားပြီးသား" ဟု ပြောခွင့်ရပုဂ္ဂိုလ်က ဆက်ပြောသည်။

နိုင်ငံတကာက စစ်ရေးထောက်ကူမှု မရှိသေးသည့်တိုင် ပိတ်ဆို့အရေးယူမှုများရှိသဖြင့် ပြည်သူများအနေဖြင့် စိတ်ဓာတ်မကျရန် KNU ပြောခွင့်ရ ပုဂ္ဂိုလ်က ဆက်ပြောသည်။

"လူထုကတော်တော်လေးကို ကြပ်ကြပ်တည်းတည်းဖြစ်နေတာ ကျွန်တော်တို့ ကိုယ်ချင်းစာတယ်။ နောက်ပြီး စစ်ရေးအခြေအနေ ဖြစ်လာတဲ့အခါ ပိုပြီး ဒုက္ခရောက်တာပေါ့။ ပြေးလွှားနေရတာ သန်းနဲ့ချီ ပြီး ဖြစ်လာတဲ့အခါ ကျွန်တော်တို့ မကြုံဖူးအောင် ဖြစ်လာတဲ့အခါ အများကြီးကိုယ်ချင်းစာတယ်။ သို့သော်ငြားလည်း ကျွန်တော်တို့ လျှော့လို့မရဘူးလို့ အားပေးချင်တယ်။ လူထုက ဆက်ပြီး တိုက်ပွဲဝင်ရမှာ။ နိုင်ငံတကာက ကိုယ့်ဘက်ကို ဒီလောက်တောင် အင်နဲ့အားနဲ့ကို စစ်ရေးအရ မထောက်ပံ့နိုင်သေးသည့်တိုင် တခြားဘက်မှာ ထောက်ပံ့နေတာတွေရှိတယ်။ သံခင်းတမန်ခင်းရော စီးပွားရေးပိတ်ဆို့မှုရော နိုင်ငံရေးဘက်မှာ ကျွန်တော်တို့ဘက်မှာရှိနေတဲ့အခါကျတော့ ကိုယ့်ဘက်က စစ်ရေးဘက်မှာ အားသွန်ခွန်စိုက် ရှိတဲ့အားနဲ့ ဆက်တွန်းရမှာပဲ။ အဲဒါကြောင့် ဘယ်လိုမှ စိတ်ဓာတ်ကျစရာမရှိဘူး" ဟု ၎င်းကဆက်လက် ပြောကြားသည်။

တော်လှန်ရေး အောင်မြင်မှုမှာ လူထုပါဝင်မှုအပေါ် အများကြီး မူတည်ကြောင်း၊ တော်လှန်ရေးအဖွဲ့များအား ရန်သူထံ ထိုးအပ်မည့် ပြည်သူများမဟုတ်သည်ကို ယုံကြည်ထားကြောင်း၊ လေကြောင်း တိုက်ခိုက်မှုများကို တတ်နိုင်သမျှ အကာအကွယ်ပေးနိုင်ရန် ဆောင်ရွက်ရမည်ဟု KNU ပြောခွင့်ရပုဂ္ဂိုလ်က ပြောသည်။

https://mizzimaburmese.com/article/117446

-----------------------------------------------------------------------------------------

## EAO အဖွဲ့များ တရားမဝင်ကုန်သွယ်မှုတွင်ပါဝင်နေသဖြင့် တိုင်းပြည်နစ်နာဟု စစ်ခေါင်းဆောင်ဝေဖန်

Published By DVB | 19 October, 2022



တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ EAO တွေဟာ တရားမဝင်ကုန်သွယ်မှုမှာ ပါဝင်နေပြီး တရားမဝင်ကုန်သွယ်မှုတွေကြောင့် နိုင်ငံတော်အတွက် နစ်နာမှုတွေရှိနေတယ်လို့ အာဏာသိမ်း စစ်ခေါင်းဆောင်က ဝေဖန်ပြောကြားလိုက်ပါတယ်။

အောက်တိုဘာ ၁၈ ရက်က မွန်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနဲ့ အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်တွေကို မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမမှာ တွေ့ဆုံရာမှာ စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောဆိုခဲ့တာဖြစ်ပါတယ်။

အခွန်နဲ့ ပတ်သက်လို့ တချို့သော EAO အဖွဲ့တွေဟာ တရားမဝင်ကုန်သွယ်မှုတွေမှာ ပါဝင်နေတာ သိရှိရကြောင်း၊ တရားမဝင်ကုန်သွယ်တွေကြောင့် နိုင်ငံတော်အတွက် နစ်နာမှုတွေရှိကြောင်း၊ အိမ်နီးချင်းနိုင်ငံတွေနဲ့ ကုန်သွယ်မှုစာရင်းဇယားတွေကို တိုက်ဆိုင်စစ်ဆေးကြည့်ပါက ၅၀ ရာခိုင်နှုန်းနီးပါးလောက်ကွာဟနေတာတွေ့ရပြီး တရားမဝင်ကုန်သွယ်မှုတွေရှိနေတဲ့ အကြောင်း စစ်ခေါင်းဆောင်က ပြောပါတယ်။

တရားမဝင်ကုန်သွယ်မှုတွေမရှိစေရေး တတ်နိုင်သလောက် ထိန်းချုပ်ဆောင်ရွက်နေပြီး လိုင်စင်မဲ့ မော်တော်ယာဉ်တွေနဲ့ မော်တော်ဆိုင်ကယ်တွေ မရှိစေရေးအတွက်လည်း ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ တရားမဝင်ပစ္စည်းတွေ၊ မူးယစ်ဆေးဝါးနဲ့ လက်နက်ခဲယမ်းတွေ သယ်ဆောင်မှုမရှိစေရေးအတွက် စစ်ဆေးမှုတွေရှိနေပေမဲ့ ခရီးသွားလာမှု နှောင့်နှေးကြန့်ကြာမှုမရှိစေရေး တတ်နိုင်သမျှဖြေရှင်းဆောင်ရွက်ပေးသွားမယ်လို့ ပြောပါတယ်။

တရားမဝင်ကုန်သွယ်မှုတွေမှာ တိုင်းရင်းသားလက်နက်ကိုင်တွေ ပါဝင်နေတယ်လို့ စစ်ခေါင်းဆောင်က စွပ်စွဲပြောဆိုနေပေမဲ့ လက်တွေ့မြေပြင်မှာ စစ်ကောင်စီလက်အောက်ခံ စစ်တပ် ရဲနဲ့ နယ်ခြားစောင့်တပ်တွေလည်း တရားမဝင်ကုန်သွယ်မှုတွေမှာ ပါဝင်ပတ်သက်နေကြတာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ လောင်စာဆီတွေကို ပြည်ပမှ တင်သွင်းနေရလို့ နိုင်ငံခြားငွေသုံးစွဲကုန်ကျမှုတွေ ရှိကြောင်း၊ ဒါကြောင့် လောင်စာဆီကို ချွေတာနိုင်တဲ့ လျှပ်စစ်ဓာတ်အားအသုံးပြုတဲ့ သယ်ယူပို့ဆောင်ရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ ရည်မှန်း ကြိုးပမ်းဆောင်ရွက်နေတယ်လို့ စစ်ခေါင်းဆောင်က ပြောပါတယ်။

မြန်မာနိုင်ငံမှာ ၂၀၁၈/၂၀၁၉ ခုနှစ်လောက်ကစပြီး နိုင်ငံရဲ့ စီးပွားရေးကျဆင်းခဲ့ပေမဲ့ အခုအခါ တိုင်းပြည် စီးပွားရေး ပြန်လည်တည်ငြိမ်ကောင်းမွန်လာပြီလို့လည်း စစ်ခေါင်းဆောင်က မွန်တိုင်းရင်းသား လုပ်ငန်းရှင်တွေကို ပြောကြားသွားပါတယ်။

တိုင်းပြည်စီးပွားရေး ပြန်ကောင်းလာပြီလို့ စစ်ခေါင်းဆောင်က ပြောနေပေမဲ့ လက်တွေ့မှာတော့ စစ်အာဏာသိမ်းပြီးကတည်းက မြန်မာ့စီးပွားရေးဟာ သမိုင်းတလျှောက်မှာ ကမ္ဘာ့ဘဏ်က ခန့်မှန်းတွက်ချက်မှုမလုပ်နိုင်တော့တဲ့အထိ အဆိုးဝါးဆုံး အခြေအနေနဲ့ ကြုံတွေ့ခဲ့ရာဖြစ်ပြီး မြန်မာကျပ်ငွေတန်ဖိုးဟာလည်း စံချိန်တင် ကျဆင်းသွားခဲ့တာ ဖြစ်ပါတယ်။

https://burmese.dvb.no/archives/559734

-----------------------------------------------------------------------------------------

## ဟားခါးမြို့နယ်၌ ၅ ရက်တာတိုက်ပွဲအတွင်း စစ်ကောင်စီတပ်သား ၂၂ ဦးသေဆုံး

By မဇ္ဈိမ | 19 October 2022



ချင်းပြည်နယ်၊ ဟားခါးမြို့နယ်တွင် ငါးရက်တာတိုက်ပွဲအတွင်း စစ်ကောင်စီတပ်သား ၂၂ ဦး သေဆုံးပြီး ၁၄ ဦး ဒဏ်ရာရရှိသွားကြောင်း ချင်းအမျိုးသားတပ်မတော်ထံမှ သိရသည်။

“တိုက်ပွဲက နေ့တိုင်းလိုလို ဖြစ်နေတာရှိတယ်။ ဟိုနေ့က လေယာဉ်နဲ့ ပုံးလာကြဲတယ်။ အဲဒါ သူတို့အထိနာ လို့ပဲ။ အကျအဆုံးများရင် လေယာဉ်လာမယ် လေယာဉ်လာရင် အထိနာလို့ပဲ” ဟု ချင်းအမျိုးသားတပ် မတော်(CAN) ပြောခွင့်ရသူ ဆလိုင်းထက်နီက မဇ္ဈိမကိုပြောသည်။

အောက်တိုဘာလ ၁၃ ရက်မှ ၁၇ ရက်နေ့အထိ ဟားခါးမြို့အနီးရှိ သီးမြစ်လွှင်ပြင်တွင် စစ်ကောင်စီတပ် နှင့် CNAအပါအဝင် ချင်းကာကွယ်ရေးပူးပေါင်းတပ်ဖွဲ့တို့အကြား တိုက်ပွဲများဆက်တိုက်ဖြစ်ပွားခဲ့ပြီး ထိုကဲ့သို့ သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

ငါးရက်တာတိုက်ပွဲအတွင်း ချင်းကာကွယ်ရေးတပ်ဖွဲ့ဘက်မှ ရဲဘော်လေးဦး တိုင်းပြည်နှင့် လူမျိုးအတွက် အသက်စွန့်လွှတ်ခဲ့ရကြောင်းဆိုသည်။

အောက်တိုဘာ ၁၇ ရက်နေ့တွင် သီးမြစ်လွှင်ပြင်၌ စစ်ကောင်စီတပ်က ဂျက်လေယာဉ်ဖြင့် လေးကြိမ် လာရောက်ပုံးကြဲတိုက်ခိုက်သော်လည်း ၎င်းတို့ဘက်မှ အထိအခိုက်မရှိကြောင်း သိရသည်။

ဟားခါးမြို့နှင့် ငါးဖာလုံခန့်သာ ကွာဝေးသော သီးမြစ်ချောင်းအနီးတဝိုက်သာမက မြို့အတွင်းရှိ ဟားခါး ကောလိပ်နှင့် မြို့ပြင်ရှိဂိတ်များကိုလည်း ချင်းပူးပေါင်းတပ်ဖွဲ့များမှတိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ် ဘက် မှ အကျအဆုံးများရှိခဲ့ကြောင်း ဆလိုင်းထက်နီက ဆိုသည်။

ချင်းကာကွယ်ရေးတပ်ဖွဲ့များဖောက်ခွဲဖျက်ဆီးထားသည့် ဟားခါးမြို့နှင့် ထန်တလန်မြို့အကြား သီးမြစ် တံတားကို စစ်ကောင်စီတပ်ကပြုပြင်ခဲ့ပြီး ထန်တလန်မြို့ရှိ ၎င်းတို့တပ်ဖွဲ့ဝင်များထံသို့ စစ်ကူ၊ ရိက္ခာ များပို့ရန်နှင့် နယ်မြေစိုးမိုးနိုင်ရန်ကြိုးစားနေခြင်းကို ကာကွယ်ရေးတပ်ဖွဲ့များက ခုခံတိုက်ခိုက်နေခြင်းဖြစ် ကြောင်း သိရသည်။

ချင်းပြည်နယ် ဟားခါးမြို့တွင် စစ်ကောင်စီတပ်ဖွဲ့ အင်အား ၂၀၀ ခန့်ဖြင့် တပ်စွဲထားသော်လည်း ဟားခါး ခရိုင် မီးသတ်ရုံးတိုက်ခိုက်ခံခဲ့ရပြီး မီးသတ်ကား နှစ်စီးမီးလောင်သွားကာ လုံခြုံရေးတင်းကြပ်ထားသည့် မြို့နယ် လဝက ၊ မြို့နယ်ပညာရေး ၊ စည်ပင် ၊ ကျေးလက် ၊အုပ်ချုပ်ရေးမှူးရုံး စသည့်မြို့နယ်ရုံးများ တည်ရှိ ရာ စုပေါင်းရုံးအားတိုက်ခိုက်ခံရပြီး မီးလောင်သွားကြောင်း ဒေသတွင်း သတင်းအရင်းမြစ်ထံမှ သိရသည်။

တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနိုင်ခြေရှိပြီး ယခုဖြစ်ပွားခဲ့သော စစ်ကောင်စီနှင့် တိုက်ပွဲများအား ချင်း အမျိုးသားတပ်မတော် CNA နှင့် CDF – Hakha၊ CDF – Thantlang၊ CDF – Zophei နှင့် ဒေသခံ ချင်း ကာကွယ်ရေးတပ်ဖွဲ့များ ပူးပေါင်းတိုက်ခိုက်နေခြင်း ဖြစ်ကြောင်းသိရသည်။

https://www.mizzimaburmese.com/article/117480

-----------------------------------------------------------------------------------------------

## ဘူးသီးတောင် ဒိုင်းနက်ပြင်ကျေးရွာသား ၁ ဦး လက်နက်ကြီးကျည်စထိမှန်သေဆုံး

Published By DVB | 19 October, 2022



ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ စိမ်းညှင်းပြားကျေးရွာအုပ်စု၊ ဒိုင်းနက်ပြင်ကျေးရွာသား တယောက် အောက်တိုဘာ ၁၈ ရက် မနက် ၁၁ နာရီလောက်က လက်နက်ကြီးကျည်စထိမှန် သေဆုံးသွားတယ်လို့ ဒေသခံကျေးရွာသားတွေထံက သိရပါတယ်။

သေဆုံးသွားသူဟာ ဒိုင်းနက်ပြင် ကျေးရွာနေ အသက် ၄၃ နှစ်အရွယ် မာမတ်အီနုရ်ဖြစ်ပြီး ယာခင်းထဲအသွားမှာ လက်နက်ကြီးကျည်စထိမှန်သွားခဲ့တာလို့ ဒေသခံရွာသား တယောက်က ပြောပါတယ်။

"သူက မနက်ပိုင်းမှာ ယာခင်းထဲကိုသွားတဲ့အချိန်မှာ လက်နက်ကြီး ကျည်စထိပြီး ထိခိုက်ဒဏ်ရာရသွားတာ။ ရွာသူရွာသားတွေက သူ့ကို သွားယူကြတယ်။ ဒဏ်ရာက ဝမ်းဗိုက်နဲ့ ညာဘက်လက်မောင်းမှာ ထိတယ်။ ပေါင်မှာလည်း ထိတယ်။ ဒဏ်ရာရပြင်းထန်တဲ့အတွက် ဘူးသီးတောင်ဆေးရုံကို ပို့ကြတယ်။ ဆေးရုံမှာ ဆေးကုသမှုခံယူနေဆဲ ညနေ ၄ နာရီလောက်မှာ ဆုံးသွားတာ။"

ဘူးသီးတောင်အခြေစိုက် ကင်းတောင်ကျေးရွာအနီးရှိ စစ်ကောင်စီတပ် ၅၅၁ တပ်ရင်းကနေ ပစ်ခတ်တဲ့ လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲကာကျည်စတွေ ထိမှန်ပြီး သေဆုံးသွားတာလို့ ဒေသတွေက ပြောဆိုကြပါတယ်။

"လက်နက်ကြီး နေ့တိုင်း ပစ်နေကြတာက ၅၅၁ နဲ့ ၅၅၂ တို့ကပစ်နေတာ။ ဒီနေ့မှာတော့ ၅၅၁ ကပဲ ပစ်နေတာ ကြားနေရတယ်"လို့ ဒေသခံရွာသားက ပြောပါတယ်။

ပြီးခဲ့တဲ့ စက်တင်ဘာ ၂၃ ရက်ကလည်း ဘူးသီးတောင်မြို့နယ်၊ သိမ်တောင်ကျေးရွာမှာ လက်နက်ကြီးကျရောက်ပြီး အသက် ၇ နှစ်အရွယ် မောင်အာမာန်ဖာရှုစ်မှာ ပြင်းပြင်းထန်ထန် ဒဏ်ရာရရှိခဲ့လို့ ဆေးကုသမှုခံယူနေရဆဲ ဖြစ်ပါတယ်။

ဘူးသီးတောင်- ညောင်ချောင်းလမ်းမှာ စက်တင်ဘာ ၂၅ ရက်မှ အောက်တိုဘာ ၁၈ ရက်အထိ စစ်ကောင်စီတပ်နဲ့ ရက္ခိုင့်တပ်တော် (အေအေ)တို့ တိုက်ပွဲတွေ ပြန်လည်ဖြစ်ပွားနေပါတယ်။

စစ်ကောင်စီတပ်ရင်းတပ်ဖွဲ့တွေက လက်နက်ကြီးတွေနဲ့ အချိန်တိုင်းပစ်ခတ်နေလို့ ကျေးရွာ ၁၀ ရွာလောက်က ဒေသခံရွာသားတွေ နေရပ်စွန့်ခွာထွက်ပြေးနေရပြီး စာသင်ကျောင်းတွေလည်း ယာယီပိတ်ထားရတယ်လို့ ဘူးသီးတောင် ပညာရေးဌာနကနေ သိရပါတယ်။

ရခိုင်ပြည်နယ်မှာ စစ်ကောင်စီတပ်က ပစ်ခတ်တဲ့ လက်နက်ကြီးကျည်တွေ လူနေရပ်ကွက်၊ ကျေးရွာတွေကို ကျရောက်ပေါက်ကွဲလို့ ဩဂုတ် ၂၈ ရက်မှ ဒီနေ့အထိ သေဆုံးသူ ၈ ယောက် နဲ့ ဒဏ်ရာရသူ ၁၆ ယောက်လောက်ရှိတယ်လို့ ရခိုင်လူမှုအဖွဲ့အစည်းတွေရဲ့ မှတ်တမ်းအရ သိရပါတယ်။

https://burmese.dvb.no/archives/559673

---------------------------------------------------------------------------------------------

## ရသေ့တောင်တွင် လက်နက်ကြီးကြောင့် ကျောင်းသူ ၁ ဦးသေဆုံး

By ဧရာဝတီ | 19 October 2022

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ပြိန်းတောကျေးရွာအတွင်း ယနေ့ နံနက် ၁၁ နာရီဝန်းကျင်က လက်နက်ကြီးကျည် ကျကာ ပေါက်ကွဲရာ ၁၄နှစ်အရွယ် သတ္တမတန်းကျောင်းသူတဦး ပွဲချင်းပြီး သေဆုံးကြောင်း သိရသည်။

ပစ်ခတ်မှုကို ပြိန်းတောရွာနှင့် ၄ မိုင်ခန့် ဝေးသည့် စစ်ကောင်စီ၏ ရေစိုးချောင်း ဗျူဟာကုန်းမှ ပြုလုပ်ခြင်းဖြစ်ကြောင်း၊ သေဆုံးသူ မငြိမ်းငြိမ်းစံမှာ ရွာတွင်း လက်နက်ကြီးကျည် ကျစဉ် နေအိမ်မှ ထွက်ပြေးရာမှ ထိမှန်ခြင်းဖြစ်ကြောင်း ဒေသခံများ အဆိုအရ သိရသည်။

"တိုက်ပွဲလည်း မရှိဘူး။ ရေစိုးချောင်းဗျူဟာကနေ လှမ်းပစ်တာ။ လက်နက်ကြီး ၄ လုံးမှာ ၃ လုံးက ရွာပြင်ကိုကျတယ်။ လက်နက်ကြီး ရွာကိုလှမ်းပစ်နေတယ်ဆိုပြီး အိမ်ကနေ ထွက်ပြေးကြတဲ့ အချိန် နောက်တကြိမ် ပစ်လိုက်တဲ့ လက်နက်ကြီး က ရွာထဲကို လာကျပြီးတော့ ၇ တန်း ကျောင်းသူကို မှန်တာ" ဟု ၎င်းက ဧရာဝတီသို့ ပြောသည်။

အဆိုပါ စစ်ကောင်စီအထိုင်ချထားသည့် ရေစိုးချောင်းဗျူဟာကုန်းကို ရက္ခိုင့် တပ်တော် (AA ) တပ်ဖွဲ့ဝင်များက လမ်းကြောင်း ပိတ်ထားရာ ယင်းဗျူဟာကုန်းမှနေ၍ နေ့စဉ်လိုလို ဦးတည်ရာမရှိ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုများရှိကြောင်း၊ ယနေ့တွင်လည်း အလားတူပစ်ခတ်ခဲ့ပြီး အရပ်သားများ နေထိုင်ရာ ကျေးရွာများထိပါ ပစ်ခတ်လာခြင်း ဖြစ်ကြောင်း ဒေသခံ ကျေးရွာသားများက ပြောသည်။

စစ်ကောင်စီက ပစ်ခတ်သည်ဆိုသော ဒေသခံများ၏ ပြောဆိုချက်နှင့် ပတ်သက်၍ ဧရာဝတီအနေဖြင့် သီးခြား အတည်ပြု ချက် ရယူနိုင်ခြင်း မရှိသေးပါ။

လက်ရှိအခြေအနေတွင် ပစ်ခတ်မှု ငြိမ်သွားသောကြောင့် သေဆုံးသွားသည့် မငြိမ်းငြိမ်းစံ၏ ရုပ်အလောင်းအား ကောက်ယူ နိုင်သော်လည်း ကျေးရွာသားများမှာ ဘေးလွတ်ရာသို့ ထွက်ပြေးသွားကြသည့်အတွက် သဂြိုဟ်ရန် အခက်ကြုံ နေရသလို လူစု လူဝေး မြင်လျှင် နောက်တကြိမ် လှမ်းပစ်မည်ကိုလည်း စိုးရိမ်နေရကြောင်း ကျေးရွာအတွင်း ကျန်ရှိနေသည့် ဆွေမျိုး များက ပြောသည်။

ထို့ပြင် ယနေ့အောက်တိုဘာလ ၁၉ ရက် နေ့လည် ၂ နာရီဝန်းကျင်တွင် ကျောက်တော်မြို့အဝင် ကစ္ဆပနဒီတံတား အနီးတွင် စစ်ကောင်စီတပ်နှင့် AA တပ်ဖွဲ့ဝင်များအကြား အပြန်အလှန် ပစ်ခတ်တိုက်ခိုက်နေကြသည့်အတွက် မြို့ဝင် တံတားအနီး တွင် သေနတ်သံများ ဆူညံလျှက် ရှိကြောင်းလည်း ကျောက်တော်မြို့ခံများထံမှ သိရသည်။

အောက်တိုဘာလ ၁၇ ရက် နေ့လည်ပိုင်းကလည်း မင်းပြားမြို့ အခြေစိုက် ခမရ (၃၈၁)၊ ခမရ (၃၇၉)၊ ခမရ ( ၅၄၁ ) တပ်ရင်းများမှ အရပ်သားနေထိုင်ရာ ရွာများသို့ လက်နက်ကြီးများဖြင့် အဆက်မပြတ် ပစ်ခတ်သည့်အတွက် ထောင့်ချောင်းကြီး၊ ဖလောင်းပြင်၊ ဘူးပင် စသည့်ကျေးရွာများသို့ ကျရောက် ပေါက်ကွဲပြီး ကျောင်းဆရာမ ၁ ဦး အပါအဝင် ၃ ဦးသေဆုံးကာ ၁၄ ဦး ထိခိုက် ဒဏ်ရာ များ ရရှိခဲ့သလို ယင်းနေ့ ညနေပိုင်းကလည်း ကျောက်တော်မြို့ဝင် ကစ္ဆပနဒီ တံတားနားတွင် တပ်စွဲနေထိုင် သည့် စစ်ကောင်စီတပ်မှ လက်နက်ကြီး ပစ်ခတ်မှုကြောင့် တံတားအနီး ပိုက်သည် ရပ်ကွက်မှ မွတ်ဆ လင် အမျိုးသမီး ၁ ဦး ကျန်ဆန် ထိမှန်သေဆုံးခဲ့သည်။

https://burma.irrawaddy.com/news/2022/10/19/255387.html

---------------------------------------------------------------------------------------

## ရခိုင်နှင့် ချင်းပြည်နယ်တောင်ပိုင်းတွင် အိုးအိမ်စွန့်ထွက်ပြေးရသူပေါင်း ၉၀,၀၀၀ ကျော်ရှိ၊ နိုင်ငံတဝန်း ၁ ဒသမ ၄ သန်းကျော်ရှိလာ

Published By DVB | 19 October, 2022



ရခိုင်ပြည်နယ်နဲ့ ချင်းပြည်နယ်တောင်ပိုင်းမှာ တကျော့ပြန် စစ်ရေးပဋိပက္ခကြောင့် ဩဂုတ်လကစပြီး အိုးအိမ်စွန့်ခွာ ထွက်ပြေးရသူ ၁၆,၀၀၀ ကျော်ရှိလာပြီး အရင်ကတည်းက ရှိနေသူတွေနဲ့ပါဆိုရင် နေရပ်စွန့်ခွာထွက်ပြေးရသူ စုစုပေါင်း ၉၀,၀၀၀ ကျော်အထိရှိလာပြီလို့ ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးရုံး (OCHA)က ဒီကနေ့ ထုတ်ပြန်ပါတယ်။

ရခိုင်ပြည်နယ်မှာ စစ်ကောင်စီတပ်နဲ့ ရက္ခိုင့်တပ်တော် (အေအေ)တို့ တိုက်ပွဲတွေဆက်လက်ဖြစ်ပွားနေပြီး အထူးသဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ နေရပ်စွန့်ခွာထွက်ပြေးရသူတွေနဲ့ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ လိုအပ်ချက်အသစ်တွေ ဖြစ်ပေါ်နေကြောင်းလည်း ဆိုပါတယ်။

ဒ့်အပြင် ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တော၊ မင်းပြား၊ မြောက်ဦး၊ မြေပုံနဲ့ ရသေ့တောင်မြို့နယ်တွေမှာ လူသားချင်းစာနာမှု ဆိုင်ရာ အကူအညီတွေ ဝင်ရောက်ဖို့ ကန့်သတ်ချက်တွေရှိနေတာကြောင့် လုပ်ငန်းနှောင့်နှေးမှုတွေရှိနေကြောင်းလည်း ကုလသမဂ္ဂက ထုတ်ပြန်ထားပါတယ်။

အလားတူ မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်မှာလည်း အခုလ စောပိုင်းကစပြီး ရွှေကူမြို့နယ်အတွင်း ကျေးရွာအများအပြားမှာ တိုက်ပွဲတွေဖြစ်ပွားနေတာကြောင့် လူ ၁၀၀၀ လောက် ရွှေကူမြို့ပေါ်ကို အိုးအိမ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်နေကြရပါတယ်။

အောက်တိုဘာ ၁၇ ရက်အထိ ဒေသခံမိတ်ဖက်အဖွဲ့တွေရဲ့သတင်းအချက်အလက်အရ အဆိုပါ တိုက်ပွဲရှောင်အများစုဟာလုံခြုံရေးအခြေအနေပြန်လည်ကောင်းမွန်တဲ့သက်ဆိုင်ရာ ကျေးရွာတွေကို ပြန်သွားကြတဲ့အတွက် ယာယီစခန်းတွေမှာ ကျန်ရစ်သူ ၁၅၂ ဦးရှိနေသေးတယ်လို့ ဆိုပါတယ်။

အလားတူ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းနဲ့ အနောက်မြောက်ပိုင်းတွေမှာ စစ်ကောင်စီတပ်ကတစ်ဖက်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ ဒေသခံပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်ဖွဲ့တွေကတဖက် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းအရှေ့ပိုင်းနဲ့ စစ်ကိုင်းတိုင်း မြို့နယ်အများအပြားမှာ ချုံခိုတိုက်ခိုက်မှုတွေနဲ့ လေကြောင်းတိုက်ခိုက်မှုတွေ ဖြစ်ပွားနေလို့ လူသားချင်းစာနာမှုဆိုင်ရာအခြေအနေတွေကို ဆက်လက်ဆိုးရွားစေကြောင်းလည်း UNOCHA က ထောက်ပြထားပါတယ်။

အောက်တိုဘာ ၁၀ ရက်အထိ နောက်ဆုံးစာရင်းတွေအရ မြန်မာနိုင်ငံတဝန်း အိုးအိမ်စွန့်ခွာ ထွက်ပြေးရသူဦးရေဟာ ၁ ဒသမ ၄သန်းကျော် ရှိလာပြီး ဒီအထဲကမှ လူဦးရေ ၁ သန်းကျော်ဟာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ စစ်တပ်အာဏာသိမ်းယူမှုအပြီး ဖြစ်ပေါ်လာတဲ့ ပဋိပက္ခနဲ့ မလုံခြုံမှုတွေကြောင့်ဖြစ်တယ်လို့ ကုလသမဂ္ဂ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

https://burmese.dvb.no/archives/559753

---

## နမ့်ခမ်းမြို့နေ ပြည်သူများ အခွန်ပေးဆောင်မှုပျက်ကွက်ပါက အရေးယူမည်ဟု KIA ထုတ်ပြန်

By SHAN - October 19, 2022

သျှမ်းပြည်မြောက်ပိုင်း နမ့်ခမ်းမြို့နယ်ရှိ ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) ရောက်ရှိ လှုပ်ရှားနယ်မြေအတွင်းနေ ဒေသခံ ပြည်သူများအနေဖြင့် အခွန်ဆက်ကြေး ပေးဆောင်မှု ပျက်ကွက်ပါက အရေးယူသွားမည်ဟု KIA ထုတ်ပြန် ထားသည်။

အဆိုပါ အခွန်ဆက်ကြေး ပေးဆောင်ရမည်မှာ KIA အမှတ် (၄)၊ အမှတ် (၆) နှင့် အမှတ် (၁၀) တပ်မဟာ လှုပ်ရှားနယ်မြေအတွင်းရှိ ဘဏ်များ၊ ကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းရှင်များသည် ယခုလ အောက်တိုဘာလကုန်အထိ အခွန်များ ပေးဆောင်ရမည်ဟု အကြောင်းကြားစာ ထုတ်ပြန်လာကြောင်း နမ့်ခမ်းဒေသခံ တစ်ဦးက ပြောသည်။

"သူတို့ လှုပ်ရှားနယ်မြေ အတွင်းမှာရှိတဲ့ ပြည်သူတွေကို အခွန်ပေးဆောင်ဖို့ အကြောင်းကြားစာပေးလာတယ်။ သူတို့သတ်မှတ် တဲ့စည်းကမ်း နဲ့ အခွန်ငွေကို ပေးရမယ်လို့ အကြောင်းကြားလာတာ" ဟု ၎င်း ဒေသခံတစ်ဦးက ပြောသည်။



နမ့်ခမ်းမြို့

နမ့်ခမ်းမြို့နယ် လမ်းမဘေးရှိ အိမ်ဆိုင်၊ ကား ၊ ဆိုင်ကယ် ပြင်ဆိုင်များကိုလည်း ကချင်လွတ်မြောက်ရေး တပ်မတော် (KIA/KIO) ထံ အခွန်ကောက်ခံနေရသည်ဟုလဲ ဒေသခံများက ပြောကြသည်။

"ဈေးထဲကို ကောက်တာတော့ မဟုတ်ဘူး။ အပြင်က အိမ်ဈေးဆိုင်ငယ်တွေပါ လာကောက်တာ။ တစ်ခါမှ မကြုံဖူးတဲ့ သူတောင် အခုမှ ကြုံရတာ။ ကား၊ ဆိုင်ကယ် ပြင်ဆိုင်ဖွင့်ထားသူလည်း သူတို့က လာကောက်တယ်။ ဆိုင် အမျိုးအစားပေါ်မူတည်ပြီးတော့ ၃ သိန်း ကနေ ၁၅ သိန်း အထိ ပေးဆောင်ရတာတွေရှိတယ်" ဟု ၎င်း ဒေသခံတစ်ဦးက ပြောသည်။

အခွန်ဆက်ကြေးကောက်ခံသည့် ကိစ္စ နှင့် ပတ်သက်ပြီး KIO တောင်ပိုင်းတိုင်း အခွန်ဌာနကို သျှမ်းသံတော်ဆင့်မှ ဆက်သွယ်မေးမြန်းပေမယ့် ဖုန်းလက်ခံ ဖြေကြားခဲ့ခြင်း မရှိပေ။

နမ့်ခမ်းမြို့နယ်သည် တအောင်း (ပလောင်) အမျိုးသား လွတ်မြောက်ရေး တပ်မတော် TNLA၊ ကချင်လွတ်မြောက်ရေး တပ်မတော် KIA/KIO နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော် SSPP/SSA လှုပ်ရှားသော နယ်မြေတစ်ခု ဖြစ်ပြီး နှစ်စဉ်နှစ်တိုင်း ပြည်သူများက တိုင်းရင်းသား လက်နက်ကိုင် တပ်ဖွဲ့များထံ အခွန်များ၊ ဆက်ကြေးများ ဆောင်နေရကြောင်း သိရသည်။

https://burmese.shannews.org/archives/31024

---------------------------------------------------------------------------------

## ရပ်စောက်မြို့နယ် အတွင်း တိုက်ပွဲ ၁ နာရီကျော်ကြာဖြစ်ပွား

By SHAN - October 19, 2022

သျှမ်းပြည်တောင်ပိုင်း ရပ်စောက်မြို့နယ်အတွင်းတွင် အာဏာသိမ်း စစ်ကောင်စီတပ်ဖွဲ့ နှင့် လက်နက်ကိုင်တပ်ဖွဲ့တို့ ထိတွေ့တိုက်ပွဲ ၁ နာရီကျော်ကြာ ဖြစ်ပွားခဲ့ကြောင်း သတင်းသိရသည်။

ရပ်စောက်မြို့နယ်သည် တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း တည်ရှိရာမြို့ဖြစ်ပြီး ခြေလျင် တိုက်ခိုက်ရေး တပ်များ၊ လက်ရုံး ဝန်ထမ်းတပ်များ အခြေစိုက်နေရာ ဖြစ်သည့်အပြင် သျှမ်းပြည်တပ်မတော် SSPP/SSA နှင့် RCSS/SSA တို့လည်း သွားလာလှုပ်ရှားသည့် ဒေသတစ်ခုဖြစ်သည်။

ယမန်နေ့ အောက်တိုဘာလ ၁၈ ရက်နေ့တွင် ရပ်စောက်မြို့နယ် နောင်လုံကျေးရွာအုပ်စုမှ ဒေသခံ ပြည်သူများ အပြင်ထွက် တောင်ယာ/လယ်ခြံသွားခြင်းများ မပြုလုပ်ရန် နှင့် ညွှန်ကြားတားမြစ်ပြီး တောအုပ်ထဲသို့ စစ်ကြောင်းထိုး ဝင်ရောက်သွားကြောင်း ဒေသခံများက ပြောသည်။



ရပ်စောက်မြို့

ထို့နောက် နေ့လည်ပိုင်း ၁၂ နာရီကျော်ဝန်းကျင်တွင် နောင်လုံကျေးရွာအုပ်စု ပန်ပျဉ်ကျေးရွာအနီး၌ ပစ်ခတ်သံများ စတင်ထွက်ပေါ်လာပြီး ၁ နာရီကျော်ကြာအထိ တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း ဒေသခံ အမျိုးသား တစ်ဦးက သျှမ်းသံတော်ဆင့်ကို ပြောသည်။

"စစ်ကောင်စီ ရဲ့ စစ်ကြောင်းမှူးဆိုသူက မနက် ၇ နာရီဝန်းကျင်မှာ နောင်လုံကျေးရွာအုပ်စုရဲ့ အကြီးအကဲကို ခေါ်ပြီး ရွာသားတွေ ဘယ်မှမသွားဖို့ အမိန့်ထုတ်တယ်၊ နေ့လည်ပိုင်း ပန်ပျဉ်ရွာ တောအုပ်ဘက်မှာ ပစ်ခတ်သံတွေ စကြားရတာပဲ၊ နှစ်ဖက် အပြန်အလှန်ပစ်ကြတာ၊ ၁ နာရီနောက်ပိုင်းမှ အသံငြိမ်သွားတယ်။ စစ်တပ်နဲ့ ဘယ်အဖွဲ့တွေဖြစ်လဲတော့မသိဘူး " ဟု အထက်ပါ ပုဂ္ဂိုလ်က ပြောသည်။

ယင်းပစ်ခတ် တိုက်ခိုက်မှုများတွင် စစ်ကောင်စီ တပ်ဖွဲ့ နှင့် မည်သည့် လက်နက်ကိုင် တပ်ဖွဲ့တို့မှ ထိတွေ့တိုက်ပွဲဖြစ်သည်ကို အတည်ပြုနိုင်ခြင်း မရှိသေးပေ။

ယမန်နေ့ ဖြစ်ပွားခဲ့သည့် ပစ်ခတ်မှုများကြောင့် အနီးပတ်ဝန်းကျင်မှ ဒေသခံ ပြည်သူများသည် ယနေ့အထိ တောင်ယာ အလုပ်ဆင်းခြင်းများ မပြုရဲသေးကြောင်း ရပ်စောက်ဒေသခံ အသက် ၄၀ ကျော် အမျိုးသားက ပြောသည်။

"တိုက်ပွဲက ရွာနဲ့ သိပ်တော့ မနီးပေမယ့် ရွာသားတွေကတော့ အလုပ်မဆင်းရဲသေးဘူး၊ အခုချိန်မှာ စစ်ရေးတင်းမာမှုတွေ ရှိနေနိုင်သေးလို့ မတော်လို့ တိုက်ပွဲဖြစ်လာမှာကို ကြောက်တယ်လေ၊ အခုချိန်က ယာခင်းတွေ စပါးတွေ သိမ်းတဲ့ အချိန်ဆိုတော့ တိုက်ပွဲပိုပြင်းလာရင် ပြည်သူတွေအထိနာမှာဖြစ်လို့ တိုက်ပွဲမဖြစ်စေချင်ဘူး" ဟု ၎င်းက ဆက်ပြောသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလ မှာလည်း ရပ်စောက်မြို့နယ်အတွင်း တိုင်းရင်းသားလက်နက်ကိုင် အချင်းချင်း တိုက်ပွဲပြင်းထန်နေစဉ် စစ်ကောင်စီတပ်မှ လေကြောင်းလိုင်းဖြင့် လာရောက် ပစ်ခတ်ခြင်းများလည်း ပြုလုပ်ခဲ့ရာ နေအိမ် နှင့် ပွဲရုံများ လက်နက်ကြီး ထိမှန်ခဲ့သဖြင့် မီးလောင်ပျက်စီးခဲ့သည့်အတွက် ဒေသခံများက တိုက်ပွဲထပ်မံဖြစ်ပွားမည်ကို စိုးရိမ်ကြောက်လန့်နေကြောင်း သိရသည်။

https://burmese.shannews.org/archives/31016

-----------------------------------------------------------------------------------

## မိုင်းပျဉ်းမြို့မဈေးအတွင်း မိုင်းပေါက်ကွဲ၊ ဈေးသည် တစ်ဦး ထိခိုက်ဒဏ်ရာပြင်းထန်စွာရ

By SHAN - October 19, 2022

သျှမ်းပြည်အရှေ့ပိုင်း မိုင်းပျဉ်းမြို့နယ် မြို့မဈေးအတွင်းတွင် မိုင်းတစ်လုံး ပေါက်ကွဲပြီး ဈေးသည် အမျိုးသမီး တစ်ဦး ထိခိုက်ဒဏ်ရာ ပြင်းထန်စွာ ရရှိသွားကြောင်း သိရသည်။

ယနေ့ အောက်တိုဘာလ (၁၉) ရက် နံနက် (၆) နာရီကျော်ဝန်းကျင်တွင် ဈေးအတွင်း မိုင်းပေါက်ကွဲခြင်း ဖြစ်ပြီး ဟင်းသီးဟင်းရွက်ရောင်းရန်လာသည့် အမျိုးသမီးတစ်ဦးမှ ဒဏ်ရာရခြင်းဖြစ်ကြောင်း ဒေသခံများက ပြောသည်။



ဈေးတွင်း မိုင်းပေါက်ကွဲ

"ဘယ်သူ့လက်ချက်ဖြစ်မလဲတော့မသိဘူး၊ တစ်ခါမှ ဒီလိုမျိုး မဖြစ်ဖူးဘူး၊ ဈေးသည်တွေကလည်း ခါတိုင်းလိုမျိုး ဈေးရောင်းဖို့ လာကြတာ၊ ဈေးသည် အမျိုးသမီးတစ်ဉီးက မိုင်းစတွေမိပြီး ခြေကျင်းဝတ်တွေမှာ ထိခိုက်ဒဏ်ရာ ရသွားတယ်၊ အခုတော့ ဆေးရုံမှာ ဆေးကုနေပါတယ်" ဟု အမည်မဖော်လိုသူ ဒေသခံအမျိုးသား တစ်ဉီးက ပြောသည်။

ယင်းကဲ့သို့ မိုင်းပေါက်ကွဲခြင်းနှင့် ပတ်သက်ပြီး မည်သည့် အဖွဲ့အစည်း လုပ်ဆောင်ကြောင်းကို မသိရှိရသေးကြောင်း ဒေသခံများ ပြောသည်။

မိုင်းပျဉ်းမြို့သည် အာဏာသိမ်း စစ်ကောင်စီတပ်ဖွဲ့ အင်အားကြီးဒေသဖြစ်ရာ အာဏာရှင်တော်လှန်ရေး အင်အားစု မရှိသည့် ဒေသတစ်ခုလည်း ဖြစ်ကြောင်း သတင်းသိရသည်။

https://burmese.shannews.org/archives/31019

--------------------------------------------------------------------------------

## အိန္ဒိယကို ထွက်ပြေးရတဲ့ စစ်ဘေးဒုက္ခသည် ၄၈,၀၀၀ ကျော်လာ

2022.10.19



အိန္ဒိယနိုင်ငံ၊ အရှေ့ဘက် မီဇိုရမ်ပြည်နယ် ပန်ကျေးရွာမှာ ခိုလှုံနေသည့် မြန်မာစစ်ဘေးဒုက္ခသည်တချို့ကို ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့က တွေ့ရစဉ်။ Photo: AFP

အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်ထဲကို ပြီးခဲ့တဲ့ စက်တင်ဘာလ နောက်ဆုံးပတ် တစ်ပတ် တည်းမှာတင် မြန်မာနိုင်ငံဘက်က စစ်ဘေးဒုက္ခသည် ၁၈၀၀ ကျော် ခိုလှုံလာတယ်လို့ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ရဲ့ အောက်တိုဘာလ ၃ ရက်နေ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

ဒါကြောင့် လက်ရှိအချိန်အထိ စစ်ဘေးဒုက္ခသည် စုစုပေါင်း ၄၈၀၀၀ ကျော် ရှိလာပြီ လို့လည်း UNHCR ရဲ့ အစီရင်ခံစာက ဆိုပါတယ်။

စစ်ကောင်စီတပ်နဲ့ ဒေသကာကွယ်ရေးအဖွဲ့တွေရဲ့ တိုက်ပွဲတွေကြောင့် ချင်းပြည်နယ်နဲ့ ထိစပ်နေတဲ့ အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်ဘက်ကို ချင်းလူမျိုး အများစု ထွက်ပြေးခိုလှုံ နေကြရပြီး အလုံးအရင်း ဝင်လာတာမဟုတ်ဘဲ နေ့တိုင်းလိုလို နယ်စပ်ဖြတ်ကျော် ဝင်ရောက်နေကြတာလို့ မီဇိုရမ်ရောက် စစ်ဘေးဒုက္ခသည်အရေး ကူညီပေးနေသူတွေက ပြောပါတယ်။

ချင်းရေးရာအဖွဲ့ချုပ်ကလည်း လက်ရှိ မီဇိုရမ်ပြည်နယ်မှာ စစ်ဘေးဒုက္ခသည် စခန်းပေါင်း ၃၀ နီးပါးရှိနေပြီး စစ်ဘေးဒုက္ခသည် ငါးသောင်းနီးပါး ရှိနေတယ်လို့ ပြောပါတယ်။

အဲဒီမှာရောက်နေတဲ့ စစ်ဘေးဒုက္ခသည်တွေဟာ စားနပ်ရိက္ခာနဲ့ ဆေးဝါးမလုံလောက်တဲ့ ပြဿနာတွေအပြင် ဘာသာစကား အခက်အခဲကြောင့် ကလေးငယ်တွေ စာသင်ကြားရေး မှာလည်း အခက်အခဲရှိနေတယ်လို့ စစ်ဘေးဒုက္ခသည်တွေက ပြောပါတယ်။

ဒါ့အပြင် အခု ဆောင်းရာသီရောက်လာပြီ ဖြစ်တာကြောင့် စောင်နဲ့ အနွေးထည်တွေပါ လိုအပ်နေတယ်လို့လည်း စစ်ဘေးဒုက္ခသည်တွေက ဆိုပါတယ်။

မြန်မာနိုင်ငံအတွင်း မတည်ငြိမ်တဲ့အခြေအနေတွေနဲ့ ပဋိပက္ခတွေကြောင့် အိန္ဒိယနိုင်ငံထဲကို မြန်မာဒုက္ခသည်တွေ ထပ်မံရောက်ရှိလာနိုင်တယ်လို့လည်း ကုလသမဂ္ဂ ဒုက္ခသည်များ ဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) က အစီရင်ခံစာထဲမှာ ထည့်သွင်း ခန့်မှန်းထားပါတယ်။

အိန္ဒိယနဲ့ မြန်မာဟာ ၁,၆၄၃ ကီလိုမီတာ အထိ နယ်နိမိတ်ချင်း ထိစပ်နေပါတယ်။

https://www.rfa.org/burmese/news/chin-refugee-10192022052335.html

-----------------------------------------------------------------------------------

## စစ်အုပ်ချုပ်ရေးအောက်က ဖရိုဖရဲ ဘဝများ

By ဧရာဝတီ | 19 October 2022

စစ်အုပ်ချုပ်ရေးသည် ပြည်သူများ၏ နေ့စဉ်ဘဝမှ အနာဂတ်လုံခြုံရေးအထိ နယ်ပယ်အားလုံးတွင် ထိခိုက်ဆုံးရှုံးမှုများကို ဖြစ်စေသည်။

ပြည်တွင်းတွင် ပျက်စီးပြိုကျနေသော အခြေအနေမှ လွတ်မြောက်ရန် အထက်လွှာနှင့် လူလတ်တန်းစားမှ ပညာတတ်လူငယ်များ၊ အသက်အရွယ် အလယ်အလတ် နိုင်ငံသားများ နိုင်ငံကို စွန့်ခွာမှုသည် တနေ့တခြား တိုးပွားလာနေသည်။

အချို့က အသက်မွေးကြောင်း အခွင့်အလမ်း၊ အချို့က ၎င်းတို့ ရင်သွေးများအတွက် ပိုမိုကောင်းမွန်သော အနာဂတ်၊ အချို့မှာ ပိုမိုဘေးကင်းလုံခြုံသော ပတ်ဝန်းကျင်ကို ရှာရန် နိုင်ငံကို စွန့်ခွာသွားနေကြသည်။

အမျိုးမျိုးသော အကြောင်းများကြောင့် အမိနိုင်ငံကို စွန့်ခွာကြသော်လည်း ချုပ်လျှင် အဓိက အကြောင်းရင်းမှာ စစ်အာဏာရှင်စနစ်အောက်တွင် မနေလိုခြင်းဖြစ်သည်။

***အချို့က အသက်မွေးကြောင်း အခွင့်အလမ်း၊ အချို့က ၎င်းတို့ ရင်သွေးများအတွက် ပိုမိုကောင်းမွန်သော အနာဂတ်၊ အချို့မှာ ပိုမိုဘေးကင်းလုံခြုံသော ပတ်ဝန်းကျင်ကို ရှာရန် နိုင်ငံကို စွန့်ခွာသွားနေကြသည်။***

နိုင်ငံကို စွန့်ခွာသွားသူ အများအပြားသည် ပြည်ပနေရာ အနှံ့အပြားသို့ ဦးတည်နေပြီး အချို့သည် သမုဒ္ဒရာကြီးများ၊ ကမ္ဘာ့တိုက်ကြီးများကို ဖြတ်ကျော်သွားသလို အချို့သည် အိမ်နီးချင်း နိုင်ငံများတွင် ခိုလှုံနေသည်။

မစန်းစန်းသည် ထိုသို့သောသူများအနက် တဦးဖြစ်သည်။

ရန်ကုန်ဇာတိဖြစ်သော မစန်းစန်းသည် မြန်မာကို စွန့်ခွာရန် ပြီးခဲ့သည့် ဇွန်လက စတင်စဉ်းစားခြင်းဖြစ်ပြီး နောက်တလကြာသောအခါ သူမ၏ ကလေး ၂ ဦးနှင့် နိုင်ငံမှ မထွက်ခွာမီ ဇူလိုင်လတွင် ကြိုတင်ပြင်ဆင်ရသည်။

သူသည် ယမန်နှစ် စစ်အာဏာသိမ်းပြီးနောက် နိုင်ငံတွင် တည်ငြိမ်မှုနှင့် ငြိမ်းချမ်းမှု ပြန်လည်ရှိလာအောင် စောင့်နေသူများတွင် ပါဝင်သည်။ သို့သော် တနှစ်ကျော် ကြာသောအခါ ထိုသို့ စောင့်နေခြင်းသည် အချည်းနှီးဖြစ်ကြောင်း သူသိလာသည်။

မစန်းစန်းသည် အခမ်းအနား ပွဲလမ်းသဘင်ရှိတိုင်း အထည်များ ချုပ်လုပ်ပေးရသူ ဖြစ်သည်။ သို့သော် စစ်အာဏာသိမ်းပြီးနောက် ထိုသို့သော အခမ်းအနား ပွဲလမ်းသဘင်များ ကွယ်ပျောက်ကုန်သည်။ သူနှင့် အသက် ၈ နှစ်အရွယ် အမွှာကလေးငယ် ၂ ဦးသည် သဘော်သား ခင်ပွန်း၏ ဝင်ငွေကိုသာ လုံးလုံးလျားလျား မှီခိုနေကြရတော့သည်။

***"ကျမစောင့်နေရတာ တနှစ်ကျော်ပြီ၊ တော်လောက်ပြီ။ ကလေးတွေ ပညာရေးကို စဥ်းစားဖို့ အချိန်ကျပြီ။ နောက်ဆုံးတော့ ကလေးတွေပညာရေးအတွက် ထိုင်းကိုပြောင်းဖို့ ကျမတို့ လင်မယားနှစ်ယောက် ဆုံးဖြတ်လိုက်တယ်"***

"ကျမစောင့်နေရတာ တနှစ်ကျော်ပြီ၊ တော်လောက်ပြီ။ ကလေးတွေ ပညာရေးကို စဥ်းစားဖို့ အချိန်ကျပြီ။ နောက်ဆုံးတော့ ကလေးတွေပညာရေးအတွက် ထိုင်းကိုပြောင်းဖို့ ကျမတို့ လင်မယားနှစ်ယောက် ဆုံးဖြတ်လိုက်တယ်" ဟု ယခုအခါ ချင်းမိုင်တွင် အုပ်ထိန်းသူ ဗီဇာဖြင့် နေထိုင်နေသော မစန်းစန်းက ပြောသည်။

အခြား မြန်မာမိဘ အများအပြားကဲ့သို့ပင် မစန်းစန်းသည် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) အစိုးရက ပြုလုပ်သည့် ပညာရေး ပြုပြင်ပြောင်းလဲမှုများအကြား ပုဂ္ဂလိက ကျောင်းများတွင် သူ၏ ကလေးများကို ပညာသင်ကြားပေးရန် မျှော်လင့်ခဲ့သည်။

သို့သော် သန်းပေါင်းများစွာသော မြန်မာနိုင်ငံသားများ၏ အိပ်မက်များသည် စစ်တပ်က လွန်ခဲ့သောနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် စစ်အာဏာသိမ်းသောအခါ တစစီ ရိုက်ချိုးခံရသည်။

နိုင်ငံမှ ထွက်ပြေးသူများတွင် နိုင်ငံရေး ဖရိုဖရဲအခြေအနေကြောင့် လတ်တလော အန္တရာယ်မရှိသည့် ပညာတတ် ကျွမ်းကျင်သူများလည်း ပါဝင်သည်။ ၎င်းတို့သည် ထိုင်း၊ စင်ကာပူနှင့် မလေးရှားကဲ့သို့သော အိမ်နီးချင်း နိုင်ငံများသို့ ပြောင်းရွှေ့သူများပါသကဲ့သို့ အခြားသူများသည် ရေခြားမြေခြား ဩစတြေးလျ၊ ဗြိတိန်နှင့် အမေရိကန် ပြည်ထောင်စုကဲ့သို့သော နိုင်ငံများသို့ ပြောင်းရွှေ့သူများလည်း ပါဝင်သည်။

မြန်မာတွင် စီးပွားရေးလုပ်ငန်းသစ်တခုကို တည်ထောင်သူဖြစ်သည့် ဦးမျိုးသည် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) အစိုးရ ပထမအကြိမ် သက်တမ်းအတွင်း ပြုလုပ်သည့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို စိတ်ပျက်သောကြောင့် အာဏာမသိမ်းမီကပင် မြန်မာမှ ထွက်ခွာလိုသူဖြစ်သည်။

သို့သော် NLD သည် ၂၀၂၀ အထွေထွေရွေးကောက်ပွဲ အောင်နိုင်ပြီးနောက် ဒုတိယသက်တမ်းတွင် စီးပွားရေးတိုးတက်အောင် လုပ်လာနိုင်သည်ဆိုသည့် မျှော်လင့်ချက်ဖြင့် သူစောင့်နေခဲ့သည်။ ထိုရွေးကောက်ပွဲအပြီး ဖြစ်လာသည့် စစ်အာဏာသိမ်းမှုကြောင့် တုန်လှုပ်ရပြီး မျှော်မှန်းချက်များအားလုံး ပျက်စီးသွားသည်။

"နိုင်ငံကို စွန့်ခွာရတဲ့ အဓိကအကြောင်းရင်းကတော့ ကျနော်တို့အတွက် လုံခြုံတဲ့ပတ်ဝန်းကျင် မရှိတော့လို့ပဲ။ စီးပွားရေး အခြေအနေက ဆိုးတယ်။ ကလေးတွေ ပညာရေးက မရေရာဘူး" ဟု သူကရှင်းပြသည်။

***"နိုင်ငံကို စွန့်ခွာရတဲ့ အဓိကအကြောင်းရင်းကတော့ ကျနော်တို့အတွက် လုံခြုံတဲ့ပတ်ဝန်းကျင် မရှိတော့လို့ပဲ။ စီးပွားရေး အခြေအနေက ဆိုးတယ်။ ကလေးတွေ ပညာရေးက မရေရာဘူး"***

သူနှင့် သူ့မိသားစုသည် ၈ လကြာ ကြိုတင်ပြင်ဆင်ပြီးနောက် ဇွန်လတွင် ထိုင်းနိုင်ငံသို့ ထွက်ခွာခဲ့သည်။

မြန်မာတွင် အာဏာမသိမ်းမီက မသင်းသင်းနှင့် သူမ၏ ခင်ပွန်းသည် အစားအသောက်နှင့် ဒစ်ဂျစ်တယ် ဈေးကွက်ရှာဖွေရေး ကုမ္ပဏီတခု လုပ်ကိုင်ကြသည်။ သို့သော် စစ်အာဏာသိမ်းပြီးနောက် အထွေထွေ စီးပွားရေးနေးကွေးမှု ဖြစ်ပေါ်သည်။ ကလေးများသည် သူငယ်တန်းကျောင်းသားများ ဖြစ်သောကြောင့် ၎င်းတို့သည် မိသားစုနှင့် စီးပွားရေးလုပ်ငန်းကို စင်ကာပူသို့ ရွှေ့ပြောင်းရန် ဆုံးဖြတ်လိုက်ရသည်။

၎င်းတို့သည် ဖေဖော်ဝါရီလတွင် မြန်မာမှ ထွက်ခွာခဲ့သော်လည်း မြန်မာမှ ဝန်ဆောင်မှုများကို အဝေးမှ ဆက်လက် လုပ်ကိုင်ပေးနေသလို စင်ကာပူတွင်လည်း ဒစ်ဂျစ်တယ် ဈေးကွက်ရှာဖွေရေး လုပ်ငန်းသစ်များကို စတင်ထားပြီး ဖြစ်သည်။

ဘဝလုံခြုံသောအခါမှသာ မြန်မာသို့ ပြန်မည်ဖြစ်ကြောင်း မသင်းသင်းက ပြောသည်။ မြို့ကြီးများတွင် စစ်ထရပ်ကားများ ကင်းလှည့်နေသမျှ ကာလပတ်လုံး ပြန်ရန် အခြေအနေမရှိကြောင်း သူကပြောသည်။

"ကျမ ခံစားခဲ့ရတာမျိုးတွေ ကလေးတွေကို မခံစားစေချင်ဘူး" ဟု ယခင် စစ်အုပ်စုအောက်တွင် သူ ခံစားရသည်များကို ရည်ညွှန်းပြီး ပြောသည်။

ရန်ကုန် လူမှုအသိုက်အဝန်း ဖွံ့ဖြိုးရေး အစိုးရမဟုတ်သော အဖွဲ့အစည်းတခုမှ စီမံကိန်း ညှိနှိုင်းရေးမှူး မချိုချိုသည်လည်း စစ်အာဏာသိမ်းပြီးနောက် နိုင်ငံတကာ အလှူရှင်များထံမှ အလှူငွေ မရတော့သောကြောင့် အလုပ်လက်မဲ့ ဖြစ်သွားသည်။



ပညာတတ် ကျွမ်းကျင်သူ လူငယ်နှင့် လူလတ်တန်းစားများ နိုင်ငံမှ ထွက်ခွာနေကြသည် / AFP

အခြား အစိုးရမဟုတ်သော အဖွဲ့အစည်း NGO သို့ မဝင်ရောက်လို၊ စစ်အာဏာရှင် စနစ်အောက် မြန်မာတွင်လည်း မနေလိုတော့သောကြောင့် ထိုင်းနိုင်ငံ၊ ချင်းမိုင်တက္ကသိုလ်မှ ပညာသင်ဆု လျှောက်ထားလိုက်ပြီး ထိုဆုရသည်။

လွန်ခဲ့သောနှစ် ဒီဇင်ဘာလတွင် ချင်းမိုင်သို့ ပြောင်းရွှေ့ပြီးနောက် မြန်မာမှ ထွက်ခွာလာသူများ စုံစည်းရန် ကော်ဖီဆိုင် သို့မဟုတ် စားသောက်ဆိုင်ဖွင့်ရန် အကြံရသည်။

စုဆောင်းထားငွေ အားလုံးကို ထိုလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံပြီး နောက်ဆုံးတွင် မြန်မာဟင်းနှင့် ထုတ်ကုန်များ ရရှိသည့် ဗမာစားသောက်ဆိုင်နှင့် စတိုးဆိုင်ကို ဖွင့်နိုင်ခဲ့သည်။ လုံခြုံရေးအကြောင်းကြောင့် သူ၏ လုပ်ငန်းအမည်ကို ထုတ်ဖော်ခြင်း မပြုရန် တောင်းဆိုခဲ့သည်။

"ကျမက ချင်းမိုင်မှာ အခြေချလိုက်ပြီ။ ဒါပေမယ့် နိုင်ငံအတွက် ဝမ်းနည်းတယ်။ ဒါကြောင့် မြန်မာက ခြိမ်းခြောက်မှုတွေ၊ အန္တရာယ်တွေက ထွက်ပြေးလာသူတွေကို အကောင်းဆုံးကူညီတယ်။ သူတို့တွေထဲမှာ စားသောက်ဆိုင်မှာ ပန်းကန်ဆေးနေရတဲ့ လူငယ်ဆရာဝန်တယောက်လည်း ပါတယ်" ဟု သူကပြောသည်။

*ရန်ကုန် လူမှုအသိုက်အဝန်း ဖွံ့ဖြိုးရေး အစိုးရမဟုတ်သော အဖွဲ့အစည်းတခုမှ စီမံကိန်း ညှိနှိုင်းရေးမှူး မချိုချိုသည်လည်း စစ်အာဏာသိမ်းပြီးနောက် နိုင်ငံတကာ အလှူရှင်များထံမှ အလှူငွေ မရတော့သောကြောင့် အလုပ်လက်မဲ့ ဖြစ်သွားသည်။*

လူလတ်တန်းစား အတတ်ပညာရှင်များ မည်မျှ စွန့်ခွာထွက်ပြေးသည်ကို ကိန်းဂဏန်း အတိအကျ မသိရသော်လည်း ထိုင်းနိုင်ငံတွင် နေထိုင်နေသည်မှာ ဆယ်စုနှစ်တခု ကြာပြီဖြစ်သူများက ထိုင်းတွင် မြန်မာနိုင်ငံမှ ရောက်လာသူ အရေအတွက် များပြားနေကြောင်း ပြောသည်။

ဦးဂျွန်သည် ချင်းမိုင်တွင် နေထိုင်နေသည်မှာ နှစ်ပေါင်း ၂၈ နှစ်ကြာပြီဖြစ်သော မြန်မာစီးပွားရေးသမားတဦး ဖြစ်သည်။ သူသည် ခရီးသွားလုပ်ငန်း လုပ်ကိုင်ပြီး မြန်မာမှ ဧည့်သည်များကို ဝန်ဆောင်မှုပေးသည်။ သို့သော် အာဏာသိမ်းပြီးနောက် မြန်မာမှ စီးပွားရေးနှင့် လူမှုရေးဖရိုဖရဲ အခြေအနေများကြောင့် ထိုလုပ်ငန်းကို ဆက်လက် မလုပ်ကိုင်နိုင်တော့ဘဲ လွန်ခဲ့သောနှစ်တွင် အိမ်ခြံမြေလုပ်ငန်းသို့ ပြောင်းလိုက်ရသည်။

ထိုင်းနိုင်ငံသို့ ယခု တရားဝင်လမ်းကြောင်းမှ ရောက်လာသူအများစုသည် ပညာရေးနှင့် အသက်မွေး ဝမ်းကြောင်းရှာရန် ရောက်လာသည့် လူငယ်များ၊ ငြိမ်းချမ်းစွာနေလိုသည့် ပုံမှန် ပြည့်ပဝင်ငွေရှိ မိသားစုများဖြစ်ကြောင်း သူကပြောသည်။

မြန်မာမှ ထိုသို့ရောက်လာသူ အရေအတွက်သည် ယခုနှစ် မတ်လတွင် များပြားလာပြီး လူလတ်တန်းစားနှင့် အထက်လွှာမှ ပညာသင်ဆုရပြီး ထိုင်းတွင် ပညာသင်ရန်နှင့် အလုပ်လည်း လုပ်သူများဖြစ်ကြောင်း ဦးဂျွန်က ပြောသည်။

***ထိုင်းနိုင်ငံသို့ ယခု တရားဝင်လမ်းကြောင်းမှ ရောက်လာသူအများစုသည် ပညာရေးနှင့် အသက်မွေး ဝမ်းကြောင်းရှာရန် ရောက်လာသည့် လူငယ်များ၊ ငြိမ်းချမ်းစွာနေလိုသည့် ပုံမှန် ပြည့်ပဝင်ငွေရှိ မိသားစုများဖြစ်သည်။***

ချမ်းသာကြွယ်ဝသော မြန်မာများသည် တလလျှင် ဘတ် တသောင်းအထက် ပေးရသည့် ဘန်ဂလိုများနှင့် နှစ်ထပ်အိမ်များကို ပိုမိုကြိုက်နှစ်သက်သော်လည်း တလလျှင် ဘတ် ၃,၀၀၀ မှ ၇,၀၀၀ ကြားပေးရသည့် တန်ဖိုးနည်း ကွန်ဒိုတိုက်ခန်းများသည် စီးပွားသွက်နေကြောင်း ချင်းမိုင်မှ အိမ်ခြံမြေ လုပ်ငန်းများ၏ ပြောကြားချက်အရ သိရသည်။

ငွေကြေးတတ်နိုင်သော မြန်မာများသည် ကွန်ဒိုတိုက်ခန်းများ၊ အိမ်များကို ဝယ်ယူနေထိုင်ကြသည်ဟု ဆိုသည်။

ထိုင်းမြို့တော် ဘန်ကောက်အနှံ့အပြားတွင် မြန်မာနိုင်ငံသားများသည် ရေတို ရေရှည်နေထိုင်ရန် အစီအစဉ်များဖြင့် ရောက်လာနေကြသည်။

"၂၀၂၁ ခုနှစ် မတိုင်ခင်က ချင်းမိုင်တက္ကသိုလ် ပတ်ဝန်းကျင်မှာ တပတ်ကို မြန်မာအိမ်ငှား ၃ ယောက်လောက်ပဲ ရှိတယ်။ ဒီနှစ်ကျတော့ တပတ်ကို ၅ ယောက်ကနေ ၇ ယောက်အထိကို အကူအညီပေးနေရတယ်" ဟု ချင်းမိုင်မှ အိမ်ခြံမြေအကျိုးဆောင် မယမုံက ပြောသည်။

စင်ကာပူအခြေစိုက် ဆော့ဖ်ဝဲလ် ကုမ္ပဏီမှ ပရိုဂရမ်မာရေးဆွဲသူ တဦးအဖြစ် ကိုဖြိုးသည် ကိုဗစ်နိုင်တင်း ဖြစ်ပွားချိန်မှ စတင်ပြီး အိမ်မှအလုပ်လုပ်နေသူ ဖြစ်သည်။ သို့သော် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အာဏာသိမ်းလိုက်ချိန်တွင် သူ၏လုပ်ငန်းများ ပြတ်တောက်သွားသည်။

"အာဏာသိမ်းပြီးနောက် ကျနော်က လမ်းမပေါ် ဆန္ဒပြပွဲအများအပြားမှာ ပါဝင်ခဲ့တယ်။ ဒါပေမယ့် နေ့စဉ်လိုလို ဝမ်းနည်းကြေကွဲစရာတွေ တွေ့နေရတယ်။ ကျနော် အလုပ်ဆက် မလုပ်နိုင်တော့ဘူး။ စိတ်ဓာတ်ကျတယ်။ ကိုယ့် စိတ်ခံစားမှုကို ကိုယ် မထိန်းချုပ်နိုင်တော့ဘူး" ဟု ကိုဖြိုးက ပြောသည်။

***"နိုင်ငံမှာတည်ငြိမ်မှု ပြန်လည် ထိန်းသိမ်းနိုင်ရင်တောင်မှ စီးပွားရေး ပြိုလဲနေပြီ။ လူသားရင်းမြစ်တွေ ပျက်စီးနေနိုင်တယ်။ အခြေအနေမှန်ကို ပြန်လည်ထိန်းသိမ်းဖို့ အနည်းဆုံး ၅ နှစ်နဲ့အထက်ကြာလိမ့်မယ်"***

နိုင်ငံ၏ စီးပွားရေးမြို့တော် ရန်ကုန်တွင် လုပ်ငန်းဆောင်ရွက်ရာ၌ အင်တာနက် ပြတ်တောက်ခြင်း၊ လျှပ်စစ်ဓာတ်အား ပြတ်တောက်ခြင်း အပါအဝင် အခြားအဓိက အကျပ်အတည်းများကိုလည်း သူရင်ဆိုင်ရသည်။

တနှစ်ကြာ ထိုသို့သော ပြတ်တောက်မှုများအပြီး သူနှင့် ပရိုဂရမ်မာတဦးပင်ဖြစ်သော သူ၏ဇနီးသည် ဇူလိုင်လတွင် ဘန်ကောက်သို့ ထွက်ခွာခဲ့သည်။ ယခုအခါ ၎င်းတို့ ဇနီးမောင်နှံသည် ၃ လ အလည်အပတ်ဗီဇာ ရရှိထားပြီး ၆ လအထိ သက်တမ်းတိုးနိုင်သည့် ပညာရေးဗီဇာ လျှောက်ထားရန် ကြိုးစားနေရသည်။

မြန်မာတွင် ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေကို စိုးရိမ်ရသောကြောင့် ၎င်းတို့သည် မိဘများကိုလည်း နိုင်ငံမှ ထွက်ခွာနိုင်အောင် ကြိုးစားနေကြသည်။

အနည်းဆုံး ၅ နှစ်အတွင်း နိုင်ငံသို့ မပြန်ရန် ကိုဖြိုး ဆုံးဖြတ်ထားသည်။

“နိုင်ငံမှာတည်ငြိမ်မှု ပြန်လည် ထိန်းသိမ်းနိုင်ရင်တောင်မှ စီးပွားရေး ပြိုလဲနေပြီ။ လူသားရင်းမြစ်တွေ ပျက်စီးနေနိုင်တယ်။ အခြေအနေမှန်ကို ပြန်လည်ထိန်းသိမ်းဖို့ အနည်းဆုံး ၅ နှစ်နဲ့အထက်ကြာလိမ့်မယ်” ဟု သူကပြောသည်။

**(ဧရာဝတီ အင်္ဂလိပ်ပိုင်းမှ Hein Htoo Zan ၏ [Myanmar’s Brain Drain Grows Amid Chaos of Life Under Military Rule]() ကို ဘာသာပြန် ဖော်ပြသည်။)**

https://burma.irrawaddy.com/article/2022/10/19/255373.html

---------------------------------------------------------------------------------

## သမ္မတ ဦးဝင်းမြင့်ကို နိုင်ငံတကာက မေ့လျော့နေ

By ဧရာဝတီ | 19 October 2022

အဖမ်းခံထားရဆဲဖြစ်သည့် မြန်မာသမ္မတကို နိုင်ငံတကာအသိုက်အဝန်းနှင့် သံတမန်များက မေ့လျော့နေပုံရသည်။

ပြီးခဲ့သည့် ဩဂုတ်လက နေပြည်တော်တွင် စစ်ကောင်စီခေါင်းဆောင် မင်းအောင်လှိုင်နှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးသံတမန် မစ္စ နိုလင်းဟေဇာက ဖမ်းဆီးခံထားရသည့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် သူ၏ ဩစတြေးလျ စီးပွားရေးအကြံပေး ဒေါက်တာ ရှောင်တန်းနဲလ်အကြောင်း မေးသည်။

အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) ကိုယ်စားလှယ်များကလည်း ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခွင့်ရရေးကို အကြိမ်ကြိမ် တောင်းဆိုကြသော်လည်း အသက် ၇၀ ရှိပြီဖြစ်သော ဦးဝင်းမြင့်အကြောင်း ပြောခဲလှသည်။

ဖမ်းဆီးခံထားရသော သမ္မတသည် စစ်ကောင်စီထံမှ များများစားစား မမျှော်လင့်နိုင်ပေ။

“ဒါတွေက ကျနော့်အတွက် အသစ်အဆန်းမဟုတ်ဘူး” ဟု ဦးဝင်းမြင့်က ကြားနာစစ်ဆေးမှုတခုတွင် ပြောခဲ့သည်။

သူသည် ယခင်ဖမ်းဆီးခံရစဉ် သားဖြစ်သူ သေဆုံးသောကြောင့် နက်ရှိုင်းသော စိတ်အမာရွတ် ရှိနေသူဖြစ်သည်။

ဦးဝင်းမြင့်သည် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) မှ ဝင်ပြိုင်ကာ ၁၉၉၀ ရွေးကောက်ပွဲမှစတင်ပြီး ရွေးကောက်ပွဲ ၄ ကြိမ် အနိုင်ရခဲ့သော်လည်း ထောင်များနှင့် သမ္မတရုံးတွင် ဖမ်းဆီးချုပ်နှောင်ခံခဲ့ရသူဖြစ်သည်။

ဦးဝင်းမြင့်ကို နေပြည်တော်မှ မည်သည့်နေရာတွင် ဖမ်းဆီးထားသည်ကို မသိရသော်လည်း သူ၏ ဇနီး ဒေါ်ချိုချိုကိုပါ သူနှင့် အတူဖမ်းဆီးထားကြောင်း သိရသည်။

ထိုဇနီးမောင်နှံသည် ဧရာဝတီတိုင်းမှ ရွာငယ်တခုတွင် နေထိုင်ခဲ့ပြီးနောက် ရန်ကုန်မြို့ရှိ တိုက်ခန်းငယ်တခုတွင် နေထိုင်ကာ နောက်ဆုံးတွင် သမ္မတအိမ်တော်သို့ ရောက်လာခဲ့သည်။

ဦးဝင်းမြင့်၏ မဲဆန္ဒနယ်ဖြစ်သော ရန်ကုန်တိုင်း၊ တာမွေမြို့နယ်မှ အမည်မဖော်လိုသည့် အမျိုးသမီးတဦးက ဦးဝင်းမြင့်သတင်းကို နားစွင့်နေကြောင်း ဧရာဝတီ သတင်းဌာနသို့ ပြောသည်။

“မီဒီယာသမားတွေက အမေစုအကြောင်း အဓိက ဖော်ပြပေမယ့် ကျမတို့က သမ္မတကြီးအကြောင်းလည်း သိချင်တယ်။ သမ္မတကြီး ကျန်းမာပါစေလို့ ကျမတို့ ဆုတောင်းတယ်” ဟု သူကပြောသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ အာဏာသိမ်းမှုတွင် သမ္မတရုံး၌ ဖမ်းဆီးမှု အသေးစိတ်ကို ဦးဝင်းမြင့်က လွှန်ခဲ့သော နိဝင်ဘာလက နေပြည်တော်မှ တရားရုံးတွင် ပြောကြားခဲ့သည်။

ထိုနေ့နံနက်တွင် စစ်ဗိုလ်ချုပ်နှစ်ဦးသည် သမ္မတရုံးသို့ဝင်လာပြီး ဦးဝင်းမြင့်ကို ကျန်းမာရေး မကောင်းသောကြောင့် ဟုဆိုကာ ရာထူးမှ နုတ်ထွက်ခိုင်းသည်။

ထိုသို့ပြောကြားချက်သည် စစ်ကောင်စီက အကြိမ်ကြိမ်ပြောနေသော ဇာတ်လမ်းဖြစ်သည့် စစ်တပ်သည် အာဏာသိမ်းခြင်း မဟုတ်ဘဲ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ အရေးပေါ်အခြေအနေ ကြေညာခြင်း ဖြစ်သည်ဆိုသည့် စကားနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။

စစ်ကောင်စီသည် သမ္မတဦးဝင်းမြင့်ကို ကိုယ်စားပြုသည့် ရှေ့နေများအား ပြင်ပသို့ စကားပြောဆိုခွင့် ပိတ်ပင်ထားပြီး မီဒီယာများ၊ ပြည်ပသတင်းအေဂျင်စီများနှင့် စကားပြောခြင်းကိုလည်း ပိတ်ပင်ထားသည်။

ဦးဝင်းမြင့်ကို သူ၏လုပ်ဖော်ကိုင်ဘက်များနှင့် အမာခံ နိုင်ငံရေးသမားများက အသိအမှတ်ပြုကြသည်။ ဖမ်းဆီးခံထားရစဉ် မည်သည့်တို့ လိုအပ်သနည်းဟု မေးသောအခါတွင်လည်း ဦးဝင်းမြင့်က မည်သည့်မျှ မလိုကြောင်းပြောသည်။

“ဦးဝင်းမြင့်က အရမ်းကျန်းမာတယ်” ဟု သမ္မတကို လွှန်ခဲ့သောလကတွေ့သည့် တရားရုံး သတင်းရင်းမြစ်မှ ရှေ့နေတဦးက ဧရာဝတီ သတင်းဌာနသို့ ပြောသည်။

ပိန်သွယ်သော ဒေါ်အောင်ဆန်းစုကြည်သည် ကိုယ်အလေးချိန် လျော့ကျသွားကြောင်းလည်း ထိုရှေ့နေက ပြောသည်။ ဒေါ်အောင်ဆန်းစုကြည်ကို ဇွန်လ ၁၉ ရက်နေ့တွင် ကျရောက်သည့် သူ၏ ၇၇ နှစ်မြောက် မွေးနေ့မှစတင်ပြီး နေအိမ်တွင် ဖမ်းဆီးထားရာမှ နေပြည်တော်မှ ထောင်တွင် သီးခြား ချုပ်နှောင်ထားသည်။

ဒေါ်ဆောင်ဆန်းစုကြည်နှင့် ဦးဝင်းမြင့်သည် အဂတိလိုက်စားမှု စွဲချက်များကို ရင်ဆိုင်နေရသည်။ ဒေါ်အောင်ဆန်းစုကြည်သည် ထောင်ဒဏ် ၂၆ နှစ် ချခံထားရပြီး ဦးဝင်းမြင့်သည် ကိုဗစ်နိုင်တင်း စည်းကမ်းချိုးဖောက်ခြင်းနှင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကို မလျော်သြဇာသုံးသည်ဆိုသည့် စွပ်စွဲချက်ဖြင့် ထောင်ဒဏ် ၅ နှစ် ချခံရသည်။

စစ်ကောင်စီသည် တရားခံများနှင့် တွေ့ဆုံခွင့် မပေးနိုင်ကြောင်းပြောပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံတကာ အထူးသံတမန်များကို တွေ့ဆုံခွင့် မပေးပေ။

စစ်ကောင်စီ ဖန်တီးသော အကျပ်အတည်းများကို အဖြေရှာရန် နည်းလမ်းအဖြစ် သံတမန် အစည်းအဝေးများ မကြာခဏ ကျင်းပကြသော်လည်း ဦးဝင်းမြင့်ကိုမူ လျစ်လျူရှုထားကြသည်။

https://burma.irrawaddy.com/news/2022/10/19/255366.html

--------------------------------------------------------------------------------

**စစ်ကောင်စီက ချုံကလီးယားစက်ရုံတည်ဆောက်မယ့်အပေါ် မျက်ခြေမပြတ်ဖို့ သံအမတ်ကြီး တိုက်တွန်း**

2022.10.19

အသေးစားချုံကလီးယားဓာတ်အားပေးစက်ရုံတည်ဆောက်ဖို့ စစ်ကောင်စီက ရုရှားနိုင်ငံက ကုမ္ပဏီတစ်ခုနဲ့ စာချုပ်ချုပ်ဆိုထားတဲ့အပေါ် နိုင်ငံတကာအသိုင်းအဝိုင်းအနေနဲ့ မျက်ခြေမပြတ်စောင့်ကြည့်ဖို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးကျော်မိုးထွန်းက တိုက်တွန်းလိုက်ပါတယ်။




(၂၀၂၂၊ စက်တင်ဘာလ ၇ ရက်နေ့က ရုရှားနိုင်ငံ ဗလာဒီဗော့စတော့ခ် မြို့မှာ ကျင်းပတဲ့ အရှေ့ဖျားစီးပွားရေးဖိုရမ်ကို တက်ရောက်ခဲ့တဲ့ စစ်ကောင်စီခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်) Photo: Myanmar Military

အောက်တိုဘာလ ၁၈ ရက်နေ့က နယူးယောက်မြို့မှာ ကျင်းပတဲ့ ကုလသမဂ္ဂအထွေထွေညီလာခံ ပထမကော်မတီရဲ့ လက်နက်ဖျက်သိမ်းရေးနဲ့ နိုင်ငံတကာလုံခြုံရေးကော်မတီ ဆွေးနွေးပွဲမှာ အခုလိုပြောခဲ့တာပါ။

NLD အစိုးရဟာ နျူကလီးယားလက်နက်ဖျက်သိမ်းရေးနဲ့ အလုံးစုံဖျက်သိမ်းရေးကို ဦးစားပေးလုပ်ငန်းအနေနဲ့ ဆောင်ရွက်ခဲ့ပေမယ့် ၂၀၂၁ ခုနှစ်မှာ စစ်တပ်ရဲ့ အာဏာသိမ်းမှုကြောင့် ဒီလုပ်ငန်းစဉ်တွေ ထိခိုက်ခဲ့တယ်လို့လည်း ပြောပါတယ်။

မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှ နျူကလီးယားကင်းမဲ့ဇုန်အဖွဲ့ဝင်နိုင်ငံဖြစ်တာကြောင့် နျူကလီးယားလက်နက်ဖျက်သိမ်းရေးအတွက် အရေးပါတဲ့ နျူကလီးယားလက်နက်ဇုန်များတည်ဆောက်ရေးအတွက် သဘောတူတယ်လို့လည်း သံအမတ်ကြီး ဦးကျော်မိုးထွန်းက ပြောခဲ့ပါတယ်။

စစ်ခေါင်းဆောင်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဟာ အခုနှစ် စက်တင်ဘာလ ၆ ရက်နေ့က ရုရှားနိုင်ငံမှာကျင်းပခဲ့တဲ့ အရှေ့ဖျားစီးပွားရေးဖိုရမ်မှာ မြန်မာနိုင်ငံအတွင်း အသေးစားနျူကလီးယားဓာတ်ပေါင်းဖိုတစ်ခုတည်ဆောက်ဖို့နဲ့ နျူကလီးယားစွမ်းအင်ပူးပေါင်းဆောင်ရွက်ဖို့ကိစ္စတွေအတွက် သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါတယ်။

သံအမတ်ကြီး ဦးကျော်မိုးထွန်းက နျူကလီးယားခြိမ်းခြောက်မှုဟာ လူသားမျိုးနွယ်တည်ရှိမှုအတွက် အဆိုးဆုံးခြိမ်းခြောက်မှုဖြစ်ပြီး နောက်ဆက်တွဲအနေနဲ့ သဘာဝပတ်ဝန်းကျင်ပျက်ဆီးမှု၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပြဿနာ၊ စီးပွားရေးအကျပ်အတည်း၊ ကျန်းမာရေးဆိုင်ရာကူးစက်ရောဂါကပ်ဆိုး စတဲ့စိန်ခေါ်မှုများစွာရှိတာမို့ အဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ ဖျက်သိမ်းရေးလုပ်ငန်းကို နှစ်ဆတိုးဆောင်ရွက်သွားဖို့ကိုလည်း တိုက်တွန်းခဲ့ပါတယ်။

https://www.rfa.org/burmese/news/the-ambassador-urges-not-to-lose-sight-of-the-construction-of-a-nuclear-plant-10192022081457.html

--------------------------------------------------------------------------------